ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၊ (3-4-2007) (၅၂၈၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သံတောင်မြို့နယ် ဘုရင့်နောင်တပ်မြို့၌ တည်ထားကိုးကွယ်သော မဟာကေတုသိင်္ဂီစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

ပင့်ဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့ ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာသကင်န်းတော်များကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂

ကရင်ပြည်နယ် သံတောင်မြို့နယ် ဘုရင့်နောင်တပ်မြို့၌ တည်ထားကိုးကွယ်သော မဟာကေတုသိင်္ဂီစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် တောင်ငူမြို့ မြစည်းခုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ဆောင်းပါးအညွှန်း

"မည်သူမဆို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် စာပေမျိုး၊ မိမိလူမျိုး၏ ရိုးရာယဉ်ကျေးမှု အနုပညာ၊ လက်မှုပညာ၊ တေးဂီတ၊ စာပေတို့ကို ဦးစားပေး ဖတ်ရှုလေ့လာသင့်ပါသည်။ သို့မှသာ အမျိုးသားရေး ကိုယ်ခံစွမ်းအားများ ပြည့်ဝလာကြမည် ဖြစ်ပါသည်"

ဆင်ဖြူကျွန်းမြင့်သိန်း (မြန်စာဂုဏ်)၏

"ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့" (ဆောင်းပါး) စာမျက်နှာ-၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃-၄-၂၀၀၇
(အင်္ဂါနေ့)

သီးနှံစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်မှု သွက်လက် ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်

လယ်ယာစိုက်ပျိုးရေးသည် နိုင်ငံစီးပွားရေး ခိုင်မာတောင့်တင်းရေးအတွက် အရေးပါသကဲ့သို့ ကျေးလက်ဒေသနေ ပြည်သူများ၏ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းလည်းဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားလာမှုနှင့်အတူ သီးနှံအလိုက် သယ်ယူပို့ဆောင်၊ ကြိတ်ခွဲ၊ ရောင်းဝယ်မှုလုပ်ငန်းများလည်း တိုးတက်ဖြစ်ပေါ်လာမည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းများနှင့် ဆက်စပ်လျက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝသည်လည်း တိုးတက်မြင့်မားလာမည် ဖြစ်သည်။

ယင်းအခြေခံ အကြောင်းတရားများကြောင့်ပင် နိုင်ငံတော်က နယ်မြေဒေသအလိုက် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်နိုင်ရေး စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်ဇကေ သီးနှံအထွက်နှုန်းတိုးရေး၊ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေး လိုအပ်ချက်များကို အားပေးကူညီနေသည်။

အထူးသဖြင့် စိုက်ပျိုးရေ လုံလုံလောက်လောက် ရရှိရေးအတွက် ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေ ရရှိရေး အစီအမံများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက် ဖော်ဆောင်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသည့် ပြိုင်းချောင်းရေလှောင်တမံကို မတ်လ ၃၀ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ရေလှောင်တမံကို ဖွင့်လှစ်နိုင်သည့်အတွက် ကျောက်တော်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုငါးခုမှ လယ်ယာမြေဇကေ ၅၀၀၀ ကို အကျိုးပြုနေပြီဖြစ်သည်။ ယခုအခါ အဆိုပါဒေသ၌ မိုးစပါးအပြင် သီးထပ်နွေစပါးများကို စိုက်ပျိုးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း၌ ပြိုင်းချောင်းရေလှောင်တမံအပါအဝင် ဆည်တမံ ၁၉၇ ခုကို တည်ဆောက်ပေးထားရာ တစ်နိုင်ငံလုံး၌ သီးနှံစိုက်ပျိုးမှုနှစ်ဆခန့် တိုးတက်လာခဲ့ပြီဖြစ်သည်။ ဆည်ရေသောက် သီးနှံစိုက်ဇရိယာ တိုးတက်လာမှုနှင့်အတူ သီးနှံစိုက်စွမ်းအားပါ မြင့်မားလာလျက်ရှိသည်။

တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးနိုင်သည့် ရေမြေသဘာဝ ရာသီဥတုအခြေအနေ ကောင်းမွန်မှု၊ နိုင်ငံတော်၏ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးမှုများနှင့်အတူ သီးထပ်သီးညှပ် သီးနှံများ အပြည့်အဝ စိုက်ပျိုးထုတ်လုပ်ပြီး သွက်လက်မြန်ဆန်စွာ ရောင်းဝယ်နိုင်ကြခြင်းဖြင့် အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းလာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဇကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများကို ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သုခမိန်လမ်းနေ ဦးခင်ကြူ(ပဲနွယ်ကုန်းမြို့)-ဒေါ်တင်ညွန့်မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ပြည်တော်သာ) အရှင်စန္ဒန (ဓမ္မာစရိယ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူ့သဘောထား

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ရခိုင်ပြည်နယ်မှ အသင်းအမှုဆောင်များနှင့်တွေ့ဆုံ ဒေသအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန်မှာကြား

ရန်ကုန် ဧပြီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဗန္ဓုလရိပ်သာ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး စစ်တွေမြို့ ဗန္ဓုလရိပ်သာတွင် ရခိုင်ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များအား အမှာစကားပြောကြားစဉ်။ (လယ်/ဆည်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာရခိုင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဦးကျော်ရင်က လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်စည်းရုံးရေးဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်း

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားနိုင်ငံရေးတာဝန်များကို ဆောင်ရွက်ရန် ဆန္ဒအလျောက် ဝင်ရောက်လာသူများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အသင်းဝင်များသည် အမျိုးသားရေးအင်အားစုအဖြစ် ရပ်တည်ပြီး ဒေသအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ အရည်အချင်းပြည့်ဝပြီး ယုံကြည်ချက်၊ ခံယူချက်မြင့်မားသည့် အသင်းဝင်များ၊ အများအကျိုး ဆောင်ရွက်နိုင်သည့် အသင်းဝင်များဖြစ်အောင် ထာဝရကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊အသင်းကြီးက ချမှတ်ပေးထားသော ရှေ့လုပ်ငန်းစဉ်များအတိုင်း နယ်မြေအတွင်း လိုအပ်ချက်များ ရှာဖွေ၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားပြီး အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဈေးရပ်ကွက်ပျဉ်းမမြိုင်လမ်းနေ ပါမောက္ခ ဒေါက်တာစောအောင်မြတ်သိန်း၊ ဒေါ်သန်းသန်း၊ သား ဒေါက်တာ စောသွင်မွန်သိန်း-ဒေါက်တာနန်းဆိုင်ဇင် မိသားစုတို့က သုံးထပ်ဘိုးဘွား ဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် စာချုပ် ချုပ်ဆိုပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် ဧပြီ ၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၃၀ ရက်တွင် နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် I.G.E Pte..Ltd တို့၏ Electrical Equipment For Project O.Project P. Shwedaung-Oakshitpin 230 KV Tranmission Line & 230/66/11 KV.100 MVA Oakshitpin Substation စာချုပ် ချုပ်ဆိုပွဲအခမ်းအနားသို့ တက်ရောက်သည်။

အမှာစကားပြောကြား

အခမ်းအနားတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားသည်။ ထို့နောက် I.G.E Pte..Ltd General Manager Mr. Lee Beng Hoက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် Project.Oနှင့် Project-P 66 KVဓာတ်အားခွဲရုံပစ္စည်းများ၊ ရွှေတောင်၊ အုတ်သျှစ်ပင် 230 KV မဟာဓာတ်အားလိုင်းနှင့် 230/ 66 / 11 KV. 100 MVA အုတ်သျှစ်ပင် ဓာတ်အားခွဲရုံပစ္စည်းများ တင်သွင်းရန် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် I.G.E Pte..Ltd General Manager ,Mr. Lee Beng Ho. တို့က ကန်ထရိုက်စာချုပ်သုံးခုအား လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တူညီဝတ်စုံပေးအပ်ပွဲကို မတ် ၁၆ ရက်က ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးငွေက တူညီဝတ်စုံပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူး ဦးစိုးညွန့်ရွှေထံ ပေးအပ်စဉ်။ (၅၂၉)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

လူတိုင်း လူတိုင်း ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလတည်းဟူသော ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေဖို့ စာအုပ်စာပေများ လေ့လာဖတ်ရှုရန် လိုအပ်ပါသည်။ စာအုပ်သည် အကောင်းဆုံးသော၊ အပြည့်အဝဆုံးသော အင်အားတစ်ရပ်ဖြစ်၏။ စာအုပ်မရှိသော အခန်းသည် ဝိညာဉ်မရှိသော ခန္ဓာကိုယ်နှင့်တူသည်။ ကြီးကျယ်သော စာအုပ်တစ်အုပ်သည် ကြီးကျယ်သော စစ်ပွဲတစ်ပွဲထက် ပို၍ ကြီးကျယ်၏။ စာအုပ်များကို ချစ်မြတ်နိုးသူများသည် အထူးအားဖြင့် မြင့်မြတ်သော အတွေးအခေါ်ရှိသူဖြစ်ပြီး မြင့်မားသည့် အယူအဆရှိသူများ ဖြစ်ကြပေသည်။ စာပေသည် စိတ်အာဟာရ တစ်ပါးဖြစ်၏။ စာပေသည် လူ့ဘဝအတွက် အကောင်းဆုံး လက်နက်ဖြစ်သလိုအကောင်းဆုံးအစာအာဟာရလည်းဖြစ်သည်။မည်သည့် ဖျော်ဖြေမှုမျှ စာဖတ်ခြင်းလောက် ဈေးသက်သာပြီး ပျော်ရွှင် နှစ်သိမ့်မှုတွင်လည်း တာရှည်ခံသော အရာမရှိပေ။ လူတိုင်း၊ လူတိုင်း အသိပညာရှိဖို့ အတွက်ဦးနှောက်ကိုကျွေးရမည့် အစားအစာမှာ စာဖတ်ခြင်းပင် ဖြစ်ပေသည်။

ဆင်ဖြူကျွန်းမြင့်သိန်း (မြန်စာဂုဏ်)

စာရေးသူကြားဖူးသည့်တရုတ်စကားပုံတစ်ခုမှာ **"တိုးတက်သော လူမျိုးဟာ စာဖတ်ကြ၍ စာဖတ်သော လူမျိုးဟာ တိုးတက်ကြပါတယ်"**ဟူ၍ ဖြစ်၏။ ရုရှားစာရေးဆရာကြီး ဂေါ်ကီက စာဖတ်ခြင်းနှင့်စပ်လျဉ်း၍ **"ပိုမို၍ စာဖတ်လေလေ စာအုပ်များက ကျွန်တော့အား ကမ္ဘာကြီးနှင့်ပိုမို၍ နီးစပ်လာလေလေ၊ ဘဝဟာ ကျွန်တော့အတွက် ပိုမို၍ ကြည်လင်ပြတ်သား လေးနက်သော အဓိပ္ပာယ်ကို ဆောင်လေလေ ဖြစ်ပါတော့တယ်"**ဟု မိန့်ဆိုထားပါသည်။ ဂရိကဗျာစာဆို ဟိုးမားကလည်း **"သင်ဟာ စာဖတ်ခြင်းကို မနှစ်သက်၊ ဝါသနာမပါဘဲနှင့် ဘယ်သောအခါမှ ဉာဏ်ပညာရှိသူ ဖြစ်မလာနိုင်ပါဘူး"**ဟု မိန့်ဆိုထား၏။ လူတို့သည် ပျော်ရွှင်မှုအတွက်သာမက အသိပညာအတွက်လည်း စာဖတ်ပေးရပါမည်။ စာဖတ်ခြင်းသည် အသိပညာကို တိုးပွားစေသည့်အပြင် မှားယွင်းသော အစွဲအလမ်းများကိုလည်း ပျောက်စေ၏။ စာဖတ်ခြင်းသည် လူတစ်ယောက်၏ဘဝတစ်သက်တာတွင် အရေးပါအရာရောက်ဆုံးသော အပိုင်းကဏ္ဍမှ ပါဝင်သည်။ စာဖတ်ခြင်းဖြင့် ကြီးပွားတိုးတက်လာနိုင်သည်။

တရုတ်စာဆို ဒေါက်တာဂွမ်လျောင်ကလည်း **"စာပေကောင်းကို ဖတ်ခြင်းဖြင့် လူတစ်ဦး၏အကျိုး၊ လူတစ်မျိုးရဲ့အကျိုးကို ဖြစ်စေနိုင်တယ်"**ဟု မိန့်ဆိုထားပါသည်။ ရှင်မဟာရဋ္ဌသာရ၏ လူမှုကျင့်ဝတ်ဆုံးမစာတွင်လည်း အပိုဒ်(၁၅)၌ **"မှတ်ဖွယ် မှတ်ရာထိုထိုစာကို ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။"** အပိုဒ် (၁၆)တွင် **"ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်။"** ဟုစာဖတ်ခြင်း အကျိုးကျေးဇူးကို ညွှန်းဆိုထားပါသည်။ စာဖတ်ခြင်းသည် သစ်ပင်စိုက်ခြင်းနှင့်တူပြီး စဉ်းစားခြင်းက ရေလောင်းခြင်းနှင့်တူပါ၏။ တစ်နည်းအားဖြင့် စာဖတ်ခြင်းသည် မိမိ၏ဦးခေါင်းထက် တခြားသူ တစ်ဦးတစ်ယောက်၏ ဦးခေါင်းဖြင့် စဉ်းစားတွေးခေါ်ခြင်းပင် ဖြစ်သည်။

ကျောင်းသားလူငယ်လောကတွင်လည်း စာများများ ဖတ်နိုင်၊ ကျက်နိုင်သောသူများသည် ပညာထူးချွန်ထက်မြက်ကြသည်ကို တွေ့ရှိနိုင်၏။ အငြင်းပွားဖွယ်မရှိပါ။ စာအုပ်စာပေဆိုသည်မှာ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းမှစတင်ပြီး ကျမ်းကြီးကျမ်းခိုင်၊ ဂန္ထဝင်စာပေအထိ ပါဝင်၏။ ခြွင်းချက်အားဖြင့် အပျင်းပြေအပျော်ဖတ်စာပေ၊ ဟာသစာပေ၊ ရုပ်ပြကာတွန်း စာအုပ်များဖတ်ခြင်းထက် စာကောင်းပေမွန်တို့ကို ဖတ်ခြင်းသည် မိမိ အတွက် ပိုမိုအကျိုးများနိုင်ပါသည်။

စာအုပ်စာပေတို့ကား အမျိုးအစားစုံလင်လှ၏။ သုတစာပေ၊ ရသစာပေနှင့် သုတရသစာပေဟူ၍ သုံးမျိုးရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ စာဖတ်ခြင်းသည် စိတ်ကိုအပျင်းပြေစေသည်။ အပျင်းပြေဆေးတစ်မျိုးပင်ဖြစ်သည်။ အင်္ဂလိပ်ပညာရှိ ဆာဖရန်စစ်ဘေကွန်က **'စာဖတ်ခြင်းက ပြည့်ဝသော လူတစ်ယောက်ဖြစ်စေတယ်၊ ဆွေးနွေးညှိနှိုင်းခြင်းက အသင့်ပြင် ထားသော လူတစ်ယောက်ဖြစ်စေတယ်၊ မှတ်သားခြင်းက တိကျသော လူတစ်ယောက်ဖြစ်စေတယ်'**ဟု ဆိုမိန့်ထားပါ၏။ သို့ဖြစ်၍ စာဖတ်ခြင်းသည် အသိပညာ အထွေထွေဗဟုသုတပြည့်စုံကြွယ်ဝပြီး ဘဝကြီးပွား တိုးတက်စေနိုင်သည် မဟုတ်ပါလော။

စာဖတ်ခြင်းသည် မလုပ်မနေရ ဝတ္တရားတစ်ခုဖြစ်ပါသည်။ စာဖတ်ပြီး လက်တွေ့လုပ်၍ ကိုယ့်ကိုယ်ကို ကြီးပွားအောင်၊ တိုးတက်အောင်၊ ချမ်းသာအောင် လုပ်ရပါမည်။ စာဖတ်ခြင်းက ဘဝအလင်းရောင်၊ စာဖတ်ခြင်းက ဘဝလှေကားထစ်ပင်ဖြစ်သည်။ ပညာတည်းဟူသော အပင်သည် တစ်သက် စားမကုန်ပါ။ စာဖတ်ခြင်းဟူသော မြေသြဇာသာ လိုအပ်၏။ မည်သူမဆို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် စာပေမျိုး၊ မိမိ လူမျိုး၏ရိုးရာယဉ်ကျေးမှု အနုပညာ၊ လက်မှုပညာ၊ တေးဂီတ၊ စာပေတို့ကို ဦးစားပေးဖတ်ရှုလေ့လာသင့်ပါသည်။သို့မှသာ အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပြည့်ဝလာကြမည်ဖြစ်ပါသည်။

ယခုခေတ်တွင် ဗဟုသုတအကြားအမြင် ရရှိဖို့ရန် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေ အမျိုးမျိုး၊ အစားစား အများအပြားရှိကြလေရာ လောကီရေး၊ လောကုတ္တရာရေးနှင့် ဆိုင်သမျှသောစာများကို တွေ့တိုင်း မိမိလက်လှမ်းမီသလောက် ဖတ်ရှုမှတ်သားသင့်ပေသည်။ ၎င်းစာအုပ်စာပေများထဲမှ ကျင့်သုံးလိုက်နာဖွယ်ရာ အချက်အလက်များကို မိမိလက်တွေ့ဘဝတွင် အသုံးပြုရမည်ဖြစ်၏။ သာဓကအားဖြင့် သာမန်လယ်သမားလေးဘဝမှ ဘုရင်မင်းမြတ်က ဝန်ဇင်းမင်းရာဇာဘွဲ့ပေးအပ်ချီးမြှင့်ခြင်းခံရသည့် စာတိုင်ညို၏ ဘဝဇာတ်လမ်းဖြစ်ပါသည်။

စာအုပ်စာပေ ဖတ်ရှုလေ့လာခြင်းသည် တစ်စုံတစ်ယောက်အဖို့ အကျိုးမယုတ်ဘဲ တန်ဖိုးကြီးမားလှပေ၏။ စာပေသည် လူမျိုးတစ်မျိုး၏ ဉာဏ်ပညာ၊ အခြေခံအမြင်တို့ ထင်ဟပ်ရာ၊ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ညွှန်းရာ ကြေးမုံပြင်ပင်ဖြစ်သည်။ "Reading is the soil where knowledge grows"ဟူသော အင်္ဂလိပ်စကားပုံတစ်ခုရှိပါ၏။ **"စာအုပ်စာပေလူ့မိတ်ဆွေ၊ အလိမ္မာစာမှာရှိ"**သည်ဟူသည့် မြန်မာစကားပုံများရှိ၏။ စာအုပ်စာပေများသည် လူတို့အား အသိပညာ၊ အလိမ္မာတရားများ ပေးစွမ်းပါသည်။ သို့ဖြစ်ရကား အသက်ကြီးငယ်မဟူ ဆင်းရဲချမ်းသာမရွေး လူတိုင်း၊ လူတိုင်းသည် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေဖို့စာအုပ်စာပေများကို ဖတ်ရှုလေ့လာကြပါစို့ ဟု ကောင်းမြတ်သော စိတ်စေတနာအရင်းခံဖြင့် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

စာအုပ်စာပေ ဖတ်ရှုလေ့လာခြင်းသည် တစ်စုံတစ်ယောက် အဖို့ အကျိုးမယုတ်ဘဲ တန်ဖိုးကြီးမားလှပေ၏။ စာပေသည် လူမျိုးတစ်မျိုး၏ ဉာဏ်ပညာ၊ အခြေခံအမြင်တို့ ထင်ဟပ်ရာ၊ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ညွှန်းရာ ကြေးမုံပြင်ပင်ဖြစ်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်နှင့် အရံစေတီ ရှစ်ဆူတို့အား ပထမအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် မတ် ၁၅ ရက်က တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက် သီလလမ်းနေ ဦးမောင်တင်-ဒေါ်ခိုင်ခိုင်ဖြူ(ငွေကြာပွင့်) မိသားစုက ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဝေမင်းနှင့် ဦးမြင့်သိန်းတို့က လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၆၄)

မဇ္ဈိမဂုဏ်ရည်ဆရာတော်၏ ဗြိမ္မခရီးစဉ်

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက၊ သာသနတက္ကသိုလဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ဒေါက်တာဘဒ္ဒန္တကောဝိဒသည် ဧပြီ ၁ ရက်၊ မင်းလှမြို့ ဝေဠုဝန်ကျောင်းဆရာတော် ဂုဏပူဇာပွဲ၊ ၂-၃-၄ရက်၊ မန္တလေးမြို့ ၈၄လမ်း x ၄၅လမ်း ထောင့် သာသနာ-၂၅၀၀ ဓမ္မဗိမာန်တော်၌ မန္တလေးမြို့ တော်ဝင်ရတနာကျောက်မြတ်၊ ကျောက်စိမ်းကုမ္ပဏီနှင့် မိုးနတ်မယ် ပွဲထိုင်ဇာမိသားစု၊ စံအိမ်ပညာရေးမိသားစုနှင့် ရွှေယမင်းပွဲထိုင်ဇာနှင့် ပိုးစစ်လွန်းရာကျော်ချိတ် အမျိုးမျိုးရောင်းဝယ်ရေးမိသားစုတို့၏ ဓမ္မဒါနကုသိုလ်ပွဲ၊ ၅ ရက် မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် အထူးပွဲ၊၆ ရက် ရန်ကင်းမြို့နယ်၊ ၁၂ လုံးတန်း သဒ္ဓမ္မဘာဝိတဓမ္မာရုံနှင့်ကြည့်မြင်တိုင်မြို့နယ် သာခုလမ်း၊ဦးသန်းဝင်း-ဒေါ်ဟံသာအေး မိသားစု ဓမ္မအလှူပွဲ၊၇ ရက် လှိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊(၉)ရက် ကျောက်မြောင်း ဗျိုင်းရေအိုးစင် ရွာမရပ်ကွက် အေးဓမ္မာရုံ၊ ၁၀ ရက် တောင်ဒဂုံ(၇၂)ရပ်ကွက် ကျန်စစ်သားလမ်း၊ ၁၁ ရက် ရန်ကင်းမြို့နယ် (၁)ရပ်ကွက် မြောက်ပိုင်းအထူးပွဲ၊ ၁၃-၁၄ ရက် ညနေ ၄နာရီ မဇ္ဈိမဂုဏ်ရည်တရားစခန်းပွဲ၊ ၁၅ ရက် ညနေ ၄ နာရီ မဇ္ဈိမဂုဏ်ရည်တရားစခန်းပွဲ၊ ည ၇ နာရီ ဒဂုံမြောက်ပိုင်း ထေရဝါဒဓမ္မရောင်ခြည် ကျောင်းတိုက်၊ ၁၆ ရက် မွန်းလွဲ ၁ နာရီ သာကေတ (၁၀၈)တောင်စေတီ၊ ည ၇ နာရီ ဒလမြို့ သမ္မတကမ်းခြေ၊ ၁၇-၁၈ရက် မင်္ဂလာတောင်ညွန့်မြို့နယ် (၉၃)လမ်းအထူးပွဲ၊ ၁၉ ရက် လှည်းကူးစက်သုံးလုံး ဝိပဿနာရိပ်သာ၊ ၂၀ ရက် လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာ၊ ၂၁ ရက်ဆည်းဆာ သဃ်္ဃန်းကျွန်း ကျိုက္ကဆံဘုရားဝင်း၊ ည ၇ နာရီခွဲ ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သက်ကြီးပူဇော်ပွဲ၊ ၂၂ ရက် စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(၉၆၉)အလင်းစေတမန်အဖွဲ့ ဓမ္မသဘင်၊ ၂၃ ရက် ခရမ်းမြို့ ပြည်မြန်မာဆောက်လုပ်ရေး မိသားစု ကျောင်းရေစက်ချ၊ (၂၄)ရက် လှိုင်သာယာ (၁၄)ရပ်ကွက် ပန်းလှိုင်လမ်း၊ ၂၅ ရက် ရန်ကင်းမြို့နယ် တိုက်လေးလုံး သာသနာ့ဗိမာန်ဓမ္မာရုံ၊ ည ၈ နာရီခွဲ ပုဇွန်တောင် တပ်မြေရပ်ကွက် ဓမ္မသဘင်၊ ၂၆-၂၇ ရက် ရန်ကင်းတိုက်လေးလုံး သာသနာ့ဗိမာန်ဓမ္မာရုံ၊ ၂၈-၂၉ ရက်ည ကျိုက်ထီးရိုးရင်ပြင်တော်၊ ၃၀ ရက် မြိုင်ကလေး ဘိလပ်မြေစက်ရုံ ဓမ္မသဘင်များ၌ ညစဉ် ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။(သတင်းစဉ်)

အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ဧပြီ ၁ရက်က ကျင်းပပြီးစီးသွားသည့် ၂၀၀၇ ခုနှစ် ဒုတိယအကြိမ် ဗန်တို(အတိုက်) ပြိုင်ပွဲဆုပေးပွဲ၌ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ် သန်းဟန် တံခွန်စိုက်ဒိုင်းဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။ (ကြေးမုံ)

တာမွေမြို့နယ် ကျောက်မြောင်း ကြက်တောင်ရိုက်အသင်း ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၂၇ ရက်က ပြုလုပ်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆု ရရှိသော ကိုစိုးအောင်နှင့် ကိုအောင်ချမ်းအေးတို့အား ဆုချီးမြှင့်စဉ်။ (ဝ၈)

သစ်တောသစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကို စိုး

သီလရှင် (သီးသန့်) ဝိပဿနာ အထူးတရားစခန်း

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ (၂)လမ်း၊ ရတနာမဥ္ဇူဓမ္မရိပ်သာ၊ လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာရှုနည်းဖြင့် ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ဦးဆောင်၍ မေ ၂၃ရက်မှ ၃၁ ရက်အထိ သီလရှင်များအား ဝိပဿနာရှုနည်းနှင့် ပို့ချချက်များကို ဟောကြားပြသမည်ဖြစ်ရာ တက်ရောက်အားထုတ်လိုသော သီလရှင်များ မေ ၂၀ ရက် နောက်ဆုံးထား၍စာရင်းပေးသွင်းနိုင်ပြီး တစ်နေ့တာ ဆွမ်းလှူဒါန်းလိုပါက ယောဂီ ၆၀ အတွက် အရုဏ် ကျပ် ၂၀၀၀၀၊ နေ့ဆွမ်း ကျပ် ၄၀၀၀၀၊ အအေး ကျပ် ၁၀၀၀၀ နှုန်းဖြင့် ဖုန်း-၆၆၃၈၀၂ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ယူအေအီး ပိုင်နက်နယ်မြေကို အသုံးပြု၍ အီရန်အား တိုက်ခိုက်မှုကို လက်မခံဟုဆို

ဒူဘိုင်း ဧပြီ ၁

မိမိတို့နိုင်ငံ၏ ပိုင်နက်နယ်မြေကို အသုံးပြု၍ အီရန်နိုင်ငံအား စစ်ရေးအရ တိုက်ခိုက်မှုကို ခွင့်ပြုနိုင်မည် မဟုတ်ကြောင်း အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) သမ္မတ ရှိတ်ခါလီဖာက မတ် ၃၁ ရက်တွင် ပြောကြားသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုသည် လွတ်လပ်၍ အချုပ်အခြာအာဏာ ပိုင်စိုးသော နိုင်ငံဖြစ်ကြောင်း၊ မိမိတို့၏ အိမ်နီးချင်း အီရန်နိုင်ငံကို တစ်စုံတစ်ရာသော စစ်ရေးတိုက်ခိုက်မှု ပြုလုပ်ရာတွင် မိမိတို့၏ ပိုင်နက်နယ်မြေကို အသုံးချခွင့်ပေးလိမ့်မည် မဟုတ်ကြောင်း ယူအေအီးသမ္မတ ရှိတ်ခါလီဖာက အာရပ်သတင်းစာတစ်စောင်သို့ပြောကြားသည်။

အီရန်နိုင်ငံနှင့် ပတ်သက်နေသော စစ်ရေး၊ လုံခြုံရေး၊ ထောက်လှမ်းရေး ကိစ္စရပ်များ၌ အမေရိကန်နိုင်ငံနှင့် မိမိတို့ ပူးပေါင်းဆောင်ရွက်မှုမရှိဟု အသိပေးထားပြီးဖြစ်ကြောင်း ရှိတ်ခါလီဖာက ပြောကြားသည်။

ယူအေအီးနိုင်ငံရှိ ဒူဘိုင်းမြို့တွင် အီရန်အား လေ့လာစောင့်ကြည့်မည့် ရုံးတစ်ရုံးကိုအမေရိကန်ကဖွင့်လှစ်ခဲ့သည်ဆိုသော သတင်းများနှင့်ပတ်သက်၍ ယူအေအီးနိုင်ငံက ပြီးခဲ့သည့် ဇန်နဝါရီလတွင် ငြင်းဆိုခဲ့သည်။

အီရန်ပြဿနာကို ကိုင်တွယ်ဆောင်ရွက်ရာတွင် သံတမန်ရေးနည်းလမ်းကိုသာ အသုံးပြုရန် မိမိတို့က အမေရိကန်နိုင်ငံကို တိုက်တွန်းထားကြောင်း ခါလီဖာက ဆက်လက်ပြောကြားသည်။

ဒေသဆိုင်ရာ တင်းမာမှုများ ပေါ်ပေါက်လာခြင်းမရှိစေရေးအတွက် အီရန်ကိစ္စတွင် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်မည် မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အင်တာနက်။***



ဂျပန်နိုင်ငံ တိုကျိုမြို့ အဏုမြူဗုံးပြတိုက်သို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့လာနေသည်ကို ဧပြီ ၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ ပေကျင်းမြို့၌ အထပ်မြင့်အဆောက်အအုံတစ်ခု၏ မှန်ပြတင်းများအား သန့်ရှင်းရေးဆောင်ရွက်နေသည်ကို ဧပြီ ၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဟိုက်ဒရိုကာဗွန်သိုက်များ ပါကစ္စတန် ဖော်ထုတ်မည်

အစ္စလမ္မာဘတ် ဧပြီ ၁

ပါကစ္စတန်နိုင်ငံသည် စွမ်းအင်လိုအပ်ချက် ပြည့်မီစေရေးအတွက် ဟိုက်ဒရိုကာဗွန်သိုက်များကို တိုးတက်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း အစ္စလမ္မာဘတ်မြို့တွင် မတ် ၂၉ ရက်က ပြုလုပ်သည့် စွမ်းအင်ဆိုင်ရာ ညီလာခံတစ်ရပ်တွင် ပါကစ္စတန် ရေနံနှင့် သဘာဝအရင်းအမြစ်များဝန်ကြီး အီမင်န်ျူလာခန်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌လိုအပ်သော စွမ်းအင်၏ ခုနစ်ရာခိုင်နှုန်းကို ကျောက်မီးသွေးမှလည်းကောင်း၊ ၁၃ ရာခိုင်နှုန်းကို ရေအားလျှပ်စစ်မှလည်းကောင်း၊ တစ်ရာခိုင်နှုန်းကို နျူကလီးယား စွမ်းအင်မှလည်းကောင်း ရရှိကြောင်း ၎င်းက ပြောကြားသည်။

၂၁ရာစုတွင် စွမ်းအင်သုံးစွဲမှု၌ သဘာဝဓာတ်ငွေ့၏ အခန်းကဏ္ဍ အရေးပါလာမည်ဖြစ်ကြောင်း၊ သဘာဝဓာတ်ငွေ့ကို တစ်ကမ္ဘာလုံးတွင် ပေါပေါများများ ထုတ်ယူသုံးစွဲနိုင်ကြောင်း၊ သဘာဝဓာတ်ငွေ့သည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ခြင်းမရှိသော အသန့်ရှင်းဆုံးလောင်စာတစ်မျိုးလည်းဖြစ်ကြောင်း ရေနံလုပ်ငန်း အင်ဂျင်နီယာများ၏ နှစ်ပတ်လည်ညီလာခံတွင် ၎င်းက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် ဓာတ်ငွေ့သိုက်ပေါများစွာတည်ရှိသည့်အပြင် အခြေခံ အဆောက်အအုံလုပ်ငန်းများလည်း ကောင်းမွန်ကြောင်း၊ ဓာတ်ငွေ့သုံးစွဲမှုမြင့်တင်ခြင်းဖြင့် နိုင်ငံတော်အတွက် စီးပွားရေးအရ အကျိုးရှိမည့်အပြင် စွမ်းအင်ဖူလုံမှု ရရှိလာမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်မပျက် စွမ်းအင်အရင်းအမြစ်များ ဖော်ထုတ်သုံးစွဲနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ***အင်တာနက်။***

ဗြိတိန်၌ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု မြင့်တက်

လန်ဒန် ဧပြီ ၂

ဗြိတိန်နိုင်ငံ၌ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုမှာ ၂၀၀၆ခုနှစ်တွင် ၂၀၀၅ခုနှစ်ထက် ၁ ဒသမ ၂၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ယင်းသို့ မြင့်တက်လာရခြင်းမှာ ဓာတ်အားပေးစက်ရုံများက ဓာတ်ငွေ့သုံးစွဲရာမှ ကျောက်မီးသွေးကို ပြောင်းလဲသုံးစွဲလာခြင်းကြောင့်ဖြစ်ကြောင်း အစိုးရက ကြာသပတေးနေ့တွင် ကြေညာသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ ၂၀၀၆ခုနှစ်တွင် တန် ၅၆၀ ဒသမ ၆သန်းအထိ မြင့်တက်လာကြောင်း၊ သို့သော် ၁၉၉၀ပြည့်နှစ်ထက် ၅ ဒသမ ၂၅ ရာခိုင်နှုန်း လျော့နည်းလာကြောင်း ကြေညာချက်အရ သိရှိရသည်။

ဗြိတိန်နိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် ဓာတ်ငွေ့များ ထုတ်လွှတ်မှု မြင့်တက်လာခြင်းမှာ အဓိကအားဖြင့် ဓာတ်ငွေ့ဈေးနှုန်း မြင့်တက်လာခြင်းကြောင့် ကျောက်မီးသွေးကို ပိုမိုသုံးစွဲလာခြင်း ဖြစ်ကြောင်း ကြေညာ ချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

အရှေ့အလယ်ပိုင်းဒေသ ငါးနှစ်အတွင်း ငြိမ်းချမ်းရေးရရှိနိုင်

ဂျေရုဆလင် ဧပြီ ၁

မိမိ၏နိုင်ငံသည် ရန်သူနိုင်ငံများနှင့် ငါးနှစ်အတွင်း ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိလာနိုင်ကြောင်း အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုးလ်မတ်က မတ် ၃၀ရက်တွင် ပြုလုပ်သော လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

အစ္စရေးနိုင်ငံသည် အာရပ်နိုင်ငံများနှင့် ငြိမ်းချမ်းရေးသဘောတူညီမှုကို ငါးနှစ် အတွင်းရရှိလာ နိုင်ကြောင်း အိုးလ်မတ်ကပြောကြားသည်။ ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်တွင်ကျင်းပခဲ့သည့် အာရပ်ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံတွင် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအစီအစဉ်ကို ပြန်လည်အသက်သွင်းခဲ့ကြသည်။

အစ္စရေးနိုင်ငံသည် ၁၉၆၇ခုနှစ် စစ်ပွဲကာလအတွင်း သိမ်းပိုက်ခဲ့သည့် အာရပ်ပိုင်နယ်မြေများမှ ရုပ်သိမ်းပေးမည်ဆိုပါက ယင်းနိုင်ငံနှင့်ပုံမှန်ဆက်ဆံရေးပြန်လည်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း အာရပ်ခေါင်းဆောင်များက ကမကထပြု ရေးဆွဲသော ငြိမ်းချမ်းရေးအစီအစဉ်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ကနေဒါနိုင်ငံရှိ ရေခဲနေသော စိန့်လောရင့်မြစ်၌ပင်လယ်ဖျံများအား ဧပြီ ၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

နီပေါတွင် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ် ဖမ်းမိသည့်ငှက်များကို သုတ်သင်ရှင်းလင်း

ခတ္တမန္ဒူ ဧပြီ ၁

နီပေါနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် မြို့တော် ခတ္တမန္ဒူရှိ နိုင်ငံတကာလေဆိပ်၌ ဖမ်းဆီးရမိသော ငှက် ၂၄၅ ကောင်ကိုသုတ်သင်ရှင်းလင်းလိုက်ကြောင်း ဟိမဝန္တာတိုင်းမ်စ်သတင်းစာက စနေနေ့တွင် ရေးသားဖော်ပြသည်။ ရှားပါးငှက်မျိုးများတွင် ပါဝင်သည့် ငှက် ၂၄၅ ကောင် တင်သွင်းလာမှုကို ထရီဘူဗန် နိုင်ငံတကာလေဆိပ်တွင်သစ်တောဌာန တာဝန်ရှိသူများက ဖမ်းဆီးရမိခဲ့သည်။

နီပေါနိုင်ငံအတွင်းသို့ ကြက်ငှက်တုပ်ကွေးရောဂါပိုး ဝင်ရောက်လာခြင်း မရှိစေရေးအတွက်ပြည်ပမှကြက်ငှက်များ တင်သွင်းခြင်းမပြုရန် အစိုးရ ပိတ်ပင်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါ နိုင်ငံတကာလေဆိပ်တွင် ဖမ်းမိသည့် ငှက်များမှာ ကြက်တူရွေးငှက်များဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာရပ်ညီလာခံ ဆီးရီးယားတွင် ကျင်းပမည်

ရီယာ့ဒ် ဧပြီ ၁

ဆီးရီးယားနိုင်ငံသည် လာမည့်နှစ်တွင် အာရပ်ထိပ်သီးညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည် ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပခဲ့သည့် အာရပ် ထိပ်သီးညီလာခံပိတ်ပွဲ၌ ဆီးရီးယားသမ္မတ ဘရှားအယ်လ်အာဆတ်က ပြောကြားသည်။

၂၂ နိုင်ငံဖြင့် ဖွဲ့စည်းထားသော အာရပ်အဖွဲ့၏ နိုင်ငံခေါင်းဆောင်များ ထိပ်သီးဆွေးနွေးပွဲများကို အဖွဲ့ဝင်နိုင်ငံများတွင် အလှည့်ကျ ကျင်းပလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ရေနံကန်ထရိုက် စာချုပ်များ ဘိုလီးဗီးယား အတည်ပြု

လီမာ ဧပြီ ၁

ဘိုလီးဗီးယား အထက်လွှတ်တော်သည် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် သက်ဆိုင်နေသော ကန်ထရိုက်စာချုပ်သစ်များ အားလုံးကို သောကြာနေ့တွင် အတည်ပြုပေးလိုက်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကန်ထရိုက်စာချုပ်သစ်များကို အတည်ပြုပေးလိုက်ခြင်းဖြင့် ဘရာဇီး၊ စပိန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့မှ ရေနံလုပ်ငန်းကုမ္ပဏီများသည် ဘိုလီးဗီးယားနိုင်ငံတွင် ဆက်လက်လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်သည်။ ရေနံလုပ်ငန်း ကန်ထရိုက်စာချုပ်သစ်များအရ နိုင်ငံတော်အတွက် ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဂျပန်စစ်ရဟတ်ယာဉ်ပျက်ကျ တပ်ဖွဲ့ဝင်လေးဦး သေဆုံး

တိုကျို ဧပြီ ၁

ဂျပန်ကာကွယ်ရေးတပ်ဖွဲ့မှ ရဟတ်ယာဉ်တစ်စင်းသည် နိုင်ငံတောင်ပိုင်းကာဂိုရှီးမားပြည်နယ်ရှိ တိုကူနိုရှီးမားကျွန်းတွင် သောကြာနေ့ညက ပျက်ကျခဲ့သဖြင့် ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူ တပ်ဖွဲ့ဝင်လေးဦးစလုံး သေဆုံးကြောင်း ကျိုဒိုသတင်းဌာနက စနေနေ့တွင် ထုတ်ပြန်သည်။

တိုကူနိုရှီးမားကျွန်းရှိ အမ်မာဂီတောင်ပေါ်တွင် ပျက်ကျခဲ့သည့် ရဟတ်ယာဉ်ကို ရှာဖွေတွေ့ရှိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ပျက်ကျခဲ့သော ရဟတ်ယာဉ်မှာ စီအိပ်ချ်–၄၇ အမျိုးအစား သယ်ယူပို့ဆောင်ရေးလုပ်ငန်းသုံး စစ်ရဟတ်ယာဉ်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတင်းဖလှယ်ရေး အင်ဒိုနီးရှားအစိုးရ ထောက်ခံအားပေး

ဂျကာတာ ဧပြီ ၁

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေး နိုင်ငံတကာအုပ်စု၏ လှုပ်ရှားမှုများကို မိမိတို့နိုင်ငံက ထောက်ခံအားပေးကြောင်း အင်ဒိုနီးရှားအစိုးရတာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာတွင် မတ် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) ကျွမ်းကျင်သူ ပညာရှင်များ၏ အစည်းအဝေး၌ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေး နိုင်ငံတကာအုပ်စုကို ထူထောင်ခဲ့သည်။

အဆိုပါအုပ်စုကို ထူထောင်ခြင်းဖြင့် ကမ္ဘာတစ်ဝန်းမှ သုတေသီများသည် လူနှင့် တိရစ္ဆာန်တို့ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခြင်းနှင့် ပတ်သက်၍ ဆန်းစစ်လေ့လာရာတွင် အထောက်အကူရရှိမည်ဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော သတင်းကြေညာချက်တွင် ဖော်ပြသည်။

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေး နိုင်ငံတကာအုပ်စုတွင် ကမ္ဘာတစ်ဝန်းမှ သုတေသီများနှင့် သိပ္ပံပညာရှင်များပါဝင်သည်။ သုတေသီများနှင့်သိပ္ပံပညာရှင်များသည်ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးနှင့် ပတ်သက်၍ ၎င်းတို့၏ လေ့လာတွေ့ရှိချက်များကို အခကြေးငွေမယူဘဲ မျှဝေပေးမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီတလီနိုင်ငံတောင်ပိုင်း ဂါလီပိုလီမြို့တွင် ကားလမ်းမြေကျွံနေသည်ကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်အမေရိကဒေသ ပါတာဂိုနီးရားအရပ်တွင် အပျော်တမ်းတောင်တက်နေသူများကို မတ် ၃၁ ရက်တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြံ့ဖြူမျိုးမသုဉ်းရေး သုတေသနဆောင်ရွက်

ဘာလင် မတ် ၃၁

ကမ္ဘာတွင် ကြံ့ဖြူမျိုး ၁၃ ကောင်သာ အသက်ရှင်ကျန်ရှိရာ အဆိုပါ သတ္တဝါသည် မျိုးသုဉ်းလုနီးပါးဖြစ်နေသည်။ သို့သော် ယင်းသတ္တဝါမျိုးစိတ်ကို ပျောက်ပျက်ခြင်း မရှိစေရေးအတွက် ထိန်းသိမ်းနိုင်ရန် သုတေသနပညာရှင် သုံးဦးက ကြိုးပမ်းလျက်ရှိသည်။

ရှားပါးသတ္တဝါများဖြစ်သော ဆင်၊ ကြံ့နှင့် ကိုမိုဒိုနဂါး စသည့် သတ္တဝါတို့ကိုမွေးမြူ၍ တိရစ္ဆာန်ရုံအတွင်း သားဖောက်ယူသည့်နည်းဖြင့် ပြန်လည် မွေးမြူသည့် သောမတ်စ်ဘာလင် တိရစ္ဆာန်နှင့် တောရိုင်းသုတေသနဌာနမှ သောမတ်ဟလ်ဒီဘရန်နှင့် ၎င်းတို့၏အဖွဲ့က စမ်းသပ်လုပ်ကိုင်လျက်ရှိသည်။

အဆိုပါ သုတေသနလုပ်ငန်းကို အလောတကြီး ပြုလုပ်ရန် လိုအပ်လျက်ရှိသည်။ အကြောင်းမှာ ကမ္ဘာပေါ်၌ ရှင်သန်ခဲ့သော တိရစ္ဆာန်မျိုးစိတ်ပေါင်း ၉၉ ရာခိုင်နှုန်းသည် ပျောက်ကွယ်နေပြီဖြစ်သည့်အတွက်ဖြစ်သည်။ ထိုဖြစ်စဉ်ကို သဘာဝအရ မျိုးသုဉ်းခြင်းဟုခေါ်သည်။

သို့သော် လူသားများကြောင့် သတ္တဝါများ မျိုးသုဉ်းမှုနှုန်းသည် အဆ ၁၀၀၀၀ ကျော် မြန်ဆန်ကြောင်း၊ ဒိုင်နိုဆောများသည် ယင်းနှုန်းထားမျိုးဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၆၅ ဘီလီယံခန့်က မျိုးသုဉ်းပျောက်ကွယ်ခဲ့ပြီဖြစ်သည်ဟု သိပ္ပံပညာရှင်များက အခိုင်အမာယူဆခဲ့ကြသည်။

ပြီးခဲ့သောခြောက်နှစ်အတွင်းက မြောက်ပိုင်း ကြံ့ဖြူတစ်ကောင်ကို မွေးဖွားခဲ့သည်။ ချက်သမ္မတနိုင်ငံ ဒါကရာလပ် ဆာဖာရီဥယျာဉ်၌ ယခုအခါ ယင်းတိရစ္ဆာန်ခြောက်ကောင်ကို စောင့်ကြပ်မွေးမြူထားသည်။***အင်တာနက်။***

ဥရုဂွေးတွင် မိုးကြီးရေလျှံ လူ ၈၀၀ အိုးအိမ်စွန့်ခွာရ

မွန်တီဗီဒီရို ဧပြီ ၂

ပြီးခဲ့သော သီတင်းပတ်အတွင်းက ထူးထူးခြားခြား မီလီမီတာ ၅၀၀ အထိ သည်းထန်သော မိုးရွာသွန်းခဲ့ရာ ဥရုဂွေးနိုင်ငံ အနောက်ပိုင်းနှင့် တောင်ပိုင်းဒေသများ၌ အိုးမဲ့အိမ်မဲ့ပေါင်း ၈၀၀ ဖြစ်ကျန်ရစ်ခဲ့သည်ဟု ဧပြီ ၁၇ရက်က အာဏာပိုင်များက ပြောကြားသည်။

အဆိုးရွားဆုံးထိခိုက်ရသော ပြည်နယ်များမှာ ဒူရာဇ်နို၊ဆိုရီယာဒို၊ ဖလော်ရီဒါ၊ ရီယိုနီဂရိုးနှင့် ကိုလိုနီယာပြည်နယ်များဖြစ်သည်။

ဒူရာဇ်နိုမြို့အနီးရှိ ရီမြစ်၏ ရေအမှတ်သည် ပုံမှန်ထက် ကိုးမီတာအထိ မြင့်တက်လာရာ မြို့တွင်းရှိလူ ၃၀၀ တို့မှာ အိုးအိမ်စွန့်ခွာထွက်ပြေးကြရသည်။ယခုအခါ ထိုလူများသည် အားကစားရုံနှင့် ကလပ်များတွင် ခိုလှုံလျက်ရှိသည်။

ဆိုရီယာဒိုပြည်နယ် မာဆီဒီးမြို့တွင် လူ ၁၂၀၊ မွန်တီဗီဒီရိုတွင် လူဒါဇင်ပေါင်းများစွာတို့မှာ အတိဒုက္ခရောက်ကြရသည်။ ရေဘေးဒုက္ခရောက်နေသူများသည် မြစ်ရေပြန်ကျလျှင်ကျချင်း နေအိမ်များသို့ ပြန်ရန် စိုင်းပြင်းလျက်ရှိကြသည်။

ရေလွှမ်းမိုးသော နေရာများတွင် အတန်အသင့်သာ မိုးရွာတော့မည်ဖြစ်ကြောင်း အမျိုးသားမိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ထုတ်ပြန် ကြေညာထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဆော်လမွန်ကျွန်းတွင် ငလျင်လှုပ် ဆူနာမီလှိုင်းကျရောက်

ဝယ်လင်တန် ဧပြီ ၂

ပစိဖိတ်သမုဒ္ဒရာတွင်းရှိ ဆော်လမွန်ကျွန်းဒေသတွင် ဧပြီ ၂ရက် နံနက်ပိုင်းက အင်အားပြင်းထန်သည့် ငလျင်လှုပ်ပြီး ဆူနာမီလှိုင်းကျရောက်ခဲ့ရာ လူနှစ်ဦးထက်မနည်း အသက်ဆုံးရှုံးကြောင်း ဆော်လမွန်ကျွန်းအသံလွှင့်ဌာနက ထုတ်ပြန်သည်။

နံနက် ၇နာရီတွင် လှုပ်သွားသော ငလျင်သည် ရစ်စချ်တာစကေး ၈အထိ ပြင်းထန်သည်။ ယင်းငလျင်သည် အနောက်ပိုင်းပြည်နယ် ဂီရိုမြို့မှ ၄၅ ကီလိုမီတာအကွာကို ဗဟိုပြု၍ ရေပြင်အနက် ၁၀ကီလိုမီတာတွင် အခြေပြုလှုပ်ရှားသွားခြင်းဖြစ်သည်။

ထိုငလျင်လှုပ်ပြီးနောက် ဆူနာမီလှိုင်းကြီးများ တက်လာသဖြင့် ကမ်းခြေရှိအဆောက်အအုံများ ပျက်စီးသွားကာ လူအများအပြား ဘေးလွတ်ရာသို့ ထွက်ပြေးကြရကြောင်း ဆော်လမွန်စကေးသတင်းစာက ဖော်ပြသွားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဩစတြေးလျတွင် စွမ်းအင်ချွေတာသုံးစွဲရန် လှုံ့ဆော် အထင်ကရနေရာများ၌ ဓာတ်အားသုံးစွဲမှု ခေတ္တရပ်ဆိုင်း

ကင်ဘာရာ ဧပြီ ၁

ဩစတြေးလျနိုင်ငံရှိ အကြီးဆုံးမြို့ကြီးဖြစ်သော ဆစ်ဒနီမြို့တွင် စွမ်းအင်ချွေတာသုံးစွဲရန် လှုံ့ဆော်မှုတစ်ရပ်အဖြစ် ပင်လယ်ဆိပ်ကမ်းတံတားကြီးနှင့် အော်ပရာ ပြဇာတ်ရုံ အပါအဝင် အထင်ကရ နေရာများတွင် စနေနေ့က လျှပ်စစ်မီး သုံးစွဲမှုကို တစ်နာရီကြာ ရပ်ဆိုင်းထားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဖြတ်တောက်ထား

အများပြည်သူ လုံခြုံရေးအတွက် မထွန်းမဖြစ် ထွန်းရန်လိုအပ်သော နေရာများမှအပ အဆောက်အအုံများ၊ ဈေးဆိုင်များနှင့် နေအိမ်များ အပါအဝင် နေရာ အများအပြားတွင် တစ်နာရီကြာမျှ လျှပ်စစ်ဓာတ်အား ဖြတ်တောက်ထားခဲ့သည်။

ဆစ်ဒနီမြို့တွင် ကမ္ဘာကြီး ပူနွေးမှုကို ဖြစ်ပေါ်စေသော ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၅ ရာခိုင်နှုန်း လျှော့ချနိုင်ရန် လှုံ့ဆော်သည့် အစီအစဉ်တစ်ရပ်ကို ကမ္ဘာ့တောရိုင်း တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့(ဒဗလျူဒဗလျူအက်ဖ်)က ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ဒဗလျူဒဗလျူအက်ဖ်၏ စွမ်းအင်ချွေတာရေးအစီအစဉ်ကို အင်တာနက်မှတစ်ဆင့် ကြေညာခဲ့ရာတွင် ကုမ္ပဏီ ၂၀၀၀ကျော်နှင့် ပြည်သူ ၇၀၀၀၀ခန့်က ပါဝင်လှုပ်ရှားရန် သဘောတူညီခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂီနီကမ်းလွန်၌ ရေယာဉ်တိမ်းမှောက် ၆၀ ထက်မနည်းသေဆုံး

ကိုနာကရီ မတ် ၃၁

ဂီနီကမ်းရိုးတန်း ကမ်းလွန်တွင် ကြာသပတေးနေ့က ခရီးသည် ၁၂၀ လိုက်ပါလာသော ရေယာဉ်တစ်စင်း မတ် ၂၈ ရက်က တိမ်းမှောက်ရာ လူ ၆၀ ထက်မနည်း သေဆုံးကြောင်း ရုပ်မြင်သံကြားဌာနက သတင်း ထုတ်ပြန်ကြေညာသည်။

ဂီနီနိုင်ငံမြို့တော် ကိုနာကရီ၏ ကမ်းလွန်ပင်လယ်ပြင်တွင် ခရီးသည်တင် ရေယာဉ်နစ်မြုပ်မှု ဖြစ်ပွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယင်းရေယာဉ်တိမ်းမှောက်မှုကြောင့် ၃၆ ဦးသာ အသက်ရှင်လျက် တွေ့ရကြောင်း၊ ၎င်းတို့ကို ကယ်ဆယ်ပေးခဲ့ကြောင်း ရုပ်သံက ထုတ်လွှင့်ပြသသည်။

အခင်းဖြစ်ပွားရာသို့ စေလွှတ်လိုက်သည့် ကယ်ဆယ်ရေးအဖွဲ့သည် မတ် ၃၁ ရက် နံနက်အထိ အလောင်း ၅၇ လောင်းကို ဆယ်ယူရရှိကြောင်း ရဲအရာရှိက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

ကန်နိုင်ငံသား အိုးအိမ်မရှိသူ သုံးပုံတစ်ပုံ စစ်ပြန်စစ်မှုထမ်းဟောင်းများ ဖြစ်နေ

ဝါရှင်တန် မတ် ၃၁

အမေရိကန်နိုင်ငံသား အိုးအိမ်မရှိသူ ၂၀၀၀၀၀ အနက် သုံးပုံတစ်ပုံမှာ စစ်ပြန်စစ်မှုထမ်းဟောင်းများဖြစ်ကြောင်း စီဘီအက်စ်သတင်းဌာနက မတ် ၂၉ ရက်တွင် ဖော်ပြသည်။

ဗီယက်နမ် စစ်ပြန်စစ်မှုထမ်းဟောင်း အများအပြားမှာ အိုးအိမ်မရှိသူများဖြစ်ကြောင်း၊ သို့သော် လာမည့်နှစ်တွင် အိုးအိမ်မရှိသူ အီရတ်စစ်ပြန်စစ်မှုထမ်းဟောင်းဦးရေမှာ မြင့်တက်လာမည်ဟု ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားကြောင်း သတင်းတွင် ဖော်ပြသည်။

စစ်ပြန်စစ်မှုထမ်းအုပ်ချုပ်ရေးအဖွဲ့က စစ်ပြန်စစ်မှုထမ်းဟောင်း ၁၄၀၀၀ ခန့်ကို အိမ်ရာများပေးနိုင်ခဲ့သော်လည်း ခိုလှုံရေးစခန်းများတွင် လိုအပ်သည့် အရေအတွက်ကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ပေ။ အိုးအိမ်မရှိသူ စစ်ပြန်စစ်မှုထမ်းဟောင်းများကို ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးရန် လိုအပ်သည်။

အီရတ်သို့ တပ်ဖွဲ့ဝင်များ ပိုမိုစေလွှတ်ရန် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် အမိန့်ထုတ်ပြန်ချိန်တွင် စစ်ပြန်စစ်မှုထမ်းဟောင်းများအဖွဲ့က အမေရိကန်တပ်ဖွဲ့ဝင်များ ဌာနေနိုင်ငံသို့ပြန်လာရန် တောင်းဆိုလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံမြောက်ပိုင်း တီယန်ကျင်းမြို့မှ သိပ္ပံပညာရှင်များ ပုံတူကိုယ်ပွားနည်းဖြင့် ဖန်တီးမွေးမြူထားသော ဆိတ်သားပေါက်ကလေးများကို မတ် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုန်သွယ်ရေကြောင်း အရာရှိလောင်း သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲကျင်းပ နိုင်ငံတကာရေကြောင်းတက္ကသိုလ်၊ ကောလိပ်များ၏ စံနှုန်းများနှင့်အညီ သင်ကြားပို့ချမည်

ရန်ကုန် ဧပြီ ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံ ကုန်သွယ်ရေကြောင်း အရာရှိလောင်း သင်တန်းအမှတ်စဉ်(စီဒီ-၃၄)နှင့် (စီအီး-၃၂)သင်တန်းဆင်းပွဲနှင့် အရာရှိလောင်း ဘွဲ့ကြို(၂)နှစ် ဒီပလိုမာ အမှတ်စဉ်(၁) (စီဒီ-၃၅)နှင့် (စီအီး-၃၃)သင်တန်း (Diploma in Nautical Studies **နှင့်** Diploma in Maritime Technology) **ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းရှိ ရေကြောင်းပညာသိပ္ပံစစ်ရေးပြကွင်း၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ ထူးချွန်ဆုများ ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။** (အပေါ်ပုံ)

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် ပါမောက္ခချုပ်၊ ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ကထိကများ၊ နည်းပြဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းဆင်း အရာရှိလောင်းများနှင့် သင်တန်းသားများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရေကြောင်းပညာသိပ္ပံ စစ်ရေးပြကွင်းအတွင်း စစ်ရေးပြတပ်ခွဲများက နေရာယူကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ကုန်သွယ်ရေကြောင်း အရာရှိလောင်းများ၊ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို အလေးပြုကြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကုန်သွယ်ရေကြောင်း အရာရှိလောင်း စံပြဆုရ ကိုယ်ပိုင်အမှတ်(၇/၁၄၄၂) ဝေဖြိုးညွန့်၊ အင်ဂျင်နီယာ အရာရှိလောင်း စံပြဆုရ ကိုယ်ပိုင် အမှတ်(၈/၁၃၂၈) စိုးလင်းဖြိုး၊ ကုန်သွယ်ရေကြောင်း အရာရှိလောင်းစာပေထူးချွန်ဆုရ ကိုယ်ပိုင်အမှတ်(၇/၁၄၅၃) မြတ်သက်နောင်၊ အင်ဂျင်နီယာ အရာရှိလောင်း စာပေထူးချွန်ဆုရ ကိုယ်ပိုင်အမှတ်(၈/၁၃၂၈)စိုးလင်းဖြိုးနှင့်စစ်ရေးပြ ထူးချွန်ဆုရ အင်ဂျင်နီယာအရာရှိလောင်း ကိုယ်ပိုင်အ မှတ်(၈/၁၃၅၀) စန်းဇင်ဝင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားရာတွင် ယနေ့ သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားတွင် သင်တန်းအပတ်စဉ်(စီဒီ-၃၄) (စီအီး-၃၂)မှ ကုန်သွယ်ရေကြောင်း အရာရှိလောင်း ၁၄၉ ဦးနှင့် ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း ၁၄၈ ဦး စုစုပေါင်း ၂၉၇ ဦး ကျောင်းဆင်းမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ၂၀၀၇ ခုနှစ် ပညာသင်နှစ်မှစပြီး သင်တန်းကာလ နှစ်နှစ် ဘွဲ့ကြို ဒီပလိုမာ သင်တန်းများဖြစ်သည့် ကုန်သွယ်ရေကြောင်း အရာရှိလောင်း (Nautical Cadet) Diploma in Nautical Studies/Dip; N.S နှင့် ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာ အရာရှိလောင်း (Engineering Cadet) Diploma in Maritime Technology/Dip; Mar. Tech. သင်တန်းများကို စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကုန်သွယ်ရေကြောင်း အရာရှိလောင်း Nautical Cadet (CD-35) သင်တန်းမှ ၁၄၉ ဦး၊ အင်ဂျင်နီယာ အရာရှိလောင်း Engineering Cadet (CE-33) သင်တန်းမှ ၁၄၉ ဦး စုစုပေါင်း၂၉၈ဦး သင်တန်းတက်ရောက်မည်ဖြစ်သည့်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံ၏ ဂုဏ်ယူဝင့်ကြွားရမည့် သမိုင်းမှတ်တိုင်သစ်တစ်ခု စိုက်ထူသည့်နေ့တစ်နေ့ဖြစ်ကြောင်း။

ထို့ကြောင့် ယခုဆိုလျှင် ရေကြောင်းပညာသိပ္ပံက စဉ်ဆက်မပြတ်လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် ၂၀၀၇ ခုနှစ် ပညာသင်နှစ်အထိ သင်တန်းဆင်းအရာရှိလောင်းများအပါအဝင် ရေကြောင်း အရာရှိလောင်း ၁၆၈၄ ဦးနှင့် အင်ဂျင်နီယာ အရာရှိလောင်း ၁၅၇၁ ဦး စုစုပေါင်း အရာရှိလောင်း ၃၂၅၅ ဦးကို စွမ်းရည်ထက်မြက်သည့် နိုင်ငံတကာ အဆင့်မီ အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ခြင်းသည် အနာဂတ်နိုင်ငံတော်၏ ရေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် အခြေခံအကျဆုံး အမျိုးသားရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်း။

ထို့ပြင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သည့် အရာရှိလောင်း ဘွဲ့ကြိုဒီပလိုမာ နှစ်နှစ်သင်တန်း တက်ရောက် အောင်မြင်ပြီးလျှင် ဘွဲ့ကြို ဒီပလိုမာ လက်မှတ်များနှင့် အတူ Mercantile Marine Cadet Training Course Certificate များကိုပါ ချီးမြှင့်မည်ဖြစ်ကြောင်း၊ ယခု ဖွင့်လှစ်သည့် အရာရှိလောင်း၊ ဘွဲ့ကြိုဒီပလိုမာ နှစ်နှစ် သင်တန်းသည် နိုင်ငံတကာ ရေကြောင်းတက္ကသိုလ် ကောလိပ်များ၌ ကျင့်သုံးနေသည့် ပညာရေးနှင့် လေ့ကျင့်ရေးစံချိန်စံနှုန်းများနှင့်အညီ စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ယခုနှစ်အရာရှိလောင်း ဘွဲ့ကြို ဒီပလိုမာ နှစ်နှစ်သင်တန်းတွင် IMO ၏ STCW 95 ပါ ပြဋ္ဌာန်းထားသည့် Officer of the Watch (O.O. W) အဆင့် Model Course များအပြင် International Maritime Law, IMO Convention, Marine Insurance Law, Shore Based Shipping Management and Crew Management ဘာသာရပ် စသည်တို့ကို ကျွမ်းကျင်မှုရှိအောင် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ စာတွေ့သင်တန်းပြီးဆုံး၍ စာမေးပွဲအဆင့်ဆင့်ဖြေဆိုရန် ပင်လယ်လုပ်သက်၊ စက်ရုံလုပ်သက်ရယူရန် သက်ဆိုင်ရာ စက်ရုံအသီးသီးနှင့် ရေကြောင်းနယ်ပယ်အသီးသီး၌တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည့်အတွက် လုပ်ငန်းကျွမ်းကျင်မှု၊ ကိုယ်ကျင့်တရား ကောင်းမွန်မှု၊ ဆုံးဖြတ်ချက်ပြတ်သားမှုစသည့် အရည်အသွေးများနှင့် ပြည့်စုံပြီး မှန်ကန်သည့် ခေါင်းဆောင်မှုကို ပေးနိုင်အောင် ယနေ့ကစပြီး မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်သွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် ဘက်စုံကဏ္ဍစုံမှ ဆောင်ရွက်နေသည့် အချိန်အခါတွင် ရေကြောင်း ပို့ဆောင်ရေးကဏ္ဍတွင် အဖိုးတန်သည့် လူသားစွမ်းရည်အရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော်က အားထားရသည့် ရေကြောင်းပညာရှင်များဖြစ်လာအောင် ရေကြောင်းပညာသိပ္ပံ၏ "ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်"ဆိုသည့် ဆောင်ပုဒ်ကို ရင်မှာအစဉ်ကိန်းအောင်းပြီး ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးထိပ်ပန်ဆင်ကာ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက်ဝန်ကြီးအား ကျောင်းဆင်းတပ်ခွဲက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်း အမှတ်စဉ် (စီဒီ-၃၄)နှင့် (စီအီး-၃၂) ထူးချွန်ဆုပေးပွဲနှင့် သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ချီးမြှင့်ပွဲကို နံနက် ၉နာရီတွင် အရာရှိလောင်းများ စားရိပ်သာ၌ ကျင်းပရာ ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီး ဦးဝင်းသိမ်းက ကျောင်းဆင်း အရာရှိလောင်းများအား ဆုံးမသြဝါဒစကား ပြောကြားပြီး ထူးချွန်ဆုရ ကုန်သွယ်ရေကြောင်း အရာရှိလောင်းများ၊ Nautical Cadet Top Ten နှင့် Engineering Cadet Top Ten ရရှိကြသော ကုန်သွယ်ရေကြောင်း အရာရှိလောင်းများအား ထူးချွန်ဆုနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်သည်။

ထို့နောက် ကုန်သွယ်ရေကြောင်း အရာရှိလောင်းများအား ဌာနမှူး (ရေကြောင်း)က လည်းကောင်း၊ ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာ အရာရှိလောင်းများအား ဌာနမှူး (အင်ဂျင်နီယာ) ကလည်းကောင်း အောင်လက်မှတ်များပေးအပ်ကြသည်။(သတင်းစဉ်)

ငွေပေါ်ကျွန်း ရွှေတဝဂူ ဆရာတော် သကြၤန် ၁၀ရက် အထူးတရားစခန်း

ရန်ကုန် ဧပြီ ၂

မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် (၁)ရပ်ကွက် အနော်ရထာလမ်းမကြီး ရွှေတဝဂူဝိပဿနာ တရားဗိမာန်တော်ကြီးတွင် ဧပြီ ၁၂ရက်မှ ၂၄ရက်အထိ သမထဝိပဿနာ တရားစခန်းပွဲကို ရွှေတဝဂူဆရာတော် အရှင်စန္ဒသူရိယက ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ၊ ဓမ္မကထိကများ၊ ကမ္မဋ္ဌာနာစရိယများအား အထူးပင့်ဖိတ်ထားသည်။

တရားဝင်မည့်သူများနှင့် လှူဒါန်းကုသိုလ်ပြုမည့်သူများသည် ဦးငွေဟိန်း (ကြွေးကင်းရန်ပြေ အောင်ပေါင်းစု ဘုရားဝင်း) ငွေပေါ်ကျွန်း၊ ဝေဘာဂီ ဖုန်း-၀၉-၅၁-၈၀၈၁၁၊ ဒေါ်မြင့်မြင့်မော် (ဥက္ကဋ္ဌ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း) ဝေဘာဂီ၊ ဖုန်း-၆၉၀၁၃၂၊ လှိုင်ထိပ်ထားအထည်ဆိုင် ဖုန်း-၂၀၀၇၄၇-၁၇၇၇၊ ဦးတင်ရီ ကျောက်မြောင်း ဖုန်း-၀၉-၅၁-၃၇၄၅၅၊ ဦးစန္ဒိမာ (အောင်မင်္ဂလာဆရာတော် လယ်တီစံကျောင်း) ပုဇွန်တောင် ဖုန်း-၂၉၂၄၅၁၊ ဆရာကြီး ဦးတင်ထွန်း(ငြိမ်း) အမှတ်(၆၈)၊ ဇင်မလမ်း၊သာကေတနှင့် မရီရီလှိုင် စတိုင်(လ်) ရောင်းဝယ်ရေး ဖုန်း-၅၇၁၂၃၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဧပြီ ၂

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ (၁၂)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဧပြီ ၉ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ညနေ ၆နာရီတွင် ယင်းဟိုတယ်၌ ညစာစားပွဲ ဆက်လက်ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ ညစာစားပွဲအတွက် ကြိုတင်လက်မှတ်များဝယ်ယူ၍ တက်ရောက်နိုင်သည်။ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ နာယကအဖွဲ့ဝင်များ၊ အကြံပေးများ၊ အတိုင်ပင်ခံပညာရှင်အဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင်များအားလုံး စုံညီစွာတက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရမ်းဗြဲမြို့ ကိုယ်ရံတောင်စေတီ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဧပြီ ၂

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ မြို့ကျက်သရေဆောင် ရှေးဟောင်းကိုယ်ရံတောင် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယ ပွဲတော်ကို ရမ္မာဝတီ ရိုးရာလှေပြိုင်ပွဲ၊ ကျင်ပွဲ၊ ဇာတ်ပွဲတို့ဖြင့် ဧပြီ ၁၇ ရက်မှ ၂၀ရက် (၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၂ရက်မှ ၅ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သဲဖြူတောရ ဓမ္မရိပ်သာ သကြၤန် တရားစခန်း

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရ ဓမ္မရိပ်သာတွင် ဧပြီ ၁၁ရက် မှ ၂၁ရက်အထိ သင်္ကြန်တရားစခန်း ကျင်းပမည်ဖြစ်ပါ၍ယောဂီများ ဖုန်း-၆၆၇၇၁၆၊ ၆၆၂၈၃၆နှင့် ၆၆၆၁၆၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

စုရပ်ဖြစ်သည် အရှေ့ကြို့ကုန်း စွန်းလွန်းဂူ ကျောင်းတိုက်သို့ ဧပြီ ၁၁ရက် မွန်းလွဲ ၁နာရီခွဲတွင် အရောက်လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၇ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀:၅၀	ဗိုလ်ချုပ်အောင်ဆန်းဈေး မဟာသင်္ကြန်အကြို အထူးဈေးရောင်းပွဲ
၇:၀၅	အဆိပ်သင့်လူတစ်ယောက် အကြောင်း တရားတော် (အပိုင်း-၁) [အရှင်ခေမိန္ဒ(စစ်ကိုင်း)]	၁၁:၀၀	ခါသင်္ကြန်အဆိုအက
၈:၀၀	ခါသင်္ကြန်အဆိုအက	၁၁:၀၅	Activities in the City
၈:၀၅	Sunday Talk	၁၁:၂၅	ခါသင်္ကြန်အဆိုအက
၉:၀၀	ခါသင်္ကြန်အဆိုအက	၁၁:၃၀	ပြည်တွင်းသတင်းအကျဉ်း
၉:၀၅	ကာယဗလနှင့် ကာယအလှပြိုင်ပွဲ	၁၁:၄၀	ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (EFR Rubber Rolling)
၉:၂၅	ပြည်တွင်းသတင်းအကျဉ်း	၁၂:၀၅	ခါသင်္ကြန်အဆိုအက
၉:၄၅	Yangon Panorama "အချစ်ဟုအဓိပ္ပာယ်သက်ရောက်ခြင်းမရှိစေရ ရုပ်ရှင်ကန်တော့ပွဲပေး အခမ်းအနား"	၁၂:၁၀	သဘာဝအလှ သနပ်ခါးက
၁၀:၀၀	ခါသင်္ကြန်အဆိုအက	၁၂:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)	၁၂:၂၅	ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးပညာဌာန အကြောင်းသိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာခင်မျိုးလှ)
၁၀:၁၅	နိုင်ငံတကာသတင်းအကျဉ်း	၁၂:၄၀	ခါသင်္ကြန်အဆိုအက
၁၀:၂၀	Music Gallery "အချစ်ဆုံး" (ယုဇန)	၁၂:၄၅	လောကရဲ့ အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
၁၀:၄၅	မိုးလေဝသခန့်မှန်းချက်	၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည၇နာရီမှ နံနက်၁နာရီ အထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	PSV Eindhoven-Liverpool	5-Sports(Live)
	AC Milan-Bayern Munich	5-Series(Live)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဖြိုးရော ငါးမွေးမြူရေးစခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်း တာဝန်ခံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် မတ် ၃၁ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း မြိတ်မြို့ အကျဉ်းဦးစီးဌာနသို့ ရောက်ရှိပြီး ယူနိုက်တက်ကေအမ်ကေ(မြိတ်) ကုမ္ပဏီလီမိတက်က လှူဒါန်းထားသော မြိတ် အကျဉ်းထောင်အတွင်းရှိ ရေသန့်စင်စက် တပ်ဆင်အသုံးပြုနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မြိတ်မြို့ ရှမ်းချောင်းရပ်ရှိ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး တည် ဆောက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အသင်း ရုံးခန်းမဆောင်၌ တိုင်း၊ ခရိုင် အလုပ် အမှုဆောင်များအား တွေ့ဆုံ၍ ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တိုင်း၊ ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်များ၏ တင်ပြချက် များအပေါ် ဗဟိုအလုပ်အမှုဆောင် က ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေး သည်။ ထို့နောက် မင်းဇာနည်ကုမ္ပဏီ လီမိတက်က တနင်္သာရီတိုင်း ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းသို့ ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းအသင်း အတွင်းရေးမှူး ဦးကျော်ကျော်ဌေးနှင့် အလုပ်အမှုဆောင်များက လက်ခံကြ ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး သည် မေ ၁ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မအူပင်ခရိုင် ဝါးတော ကျေးရွာရှိ ဖြိုးရော ငါးမွေးမြူရေး လုပ်ငန်း၏ အမှတ်(၂) ငါးမွေးမြူရေး စခန်း(ဝါးတော)သို့ ရောက်ရှိပြီး မွေးမြူရေးစခန်း ရှင်းလင်းဆောင်၌ တာဝန်ခံ ဦးလှမြင့်အောင်က ကန်များ ဖော်ယူရောင်းချပြီးစီးမှုနှင့် ထပ်မံ မွေးမြူသွားနိုင်မှု အခြေအနေများ အား ရှင်းလင်းတင်ပြရာ ဗဟိုအလုပ် အမှုဆောင်က လိုအပ်သည်များ ဖြည့် ဆည်းမှာကြားပြီး ဖော်ယူပြီးစီး၍ မွေးကန်များ အခြောက်ခံပြုပြင်ထား ရှိမှုနှင့် ထပ်မံဖော်ယူရောင်းချမည့် အသားတိုးငါးများ၏ ကြီးထွားနှုန်း အခြေအနေများအား ကြည့်ရှုစစ်ဆေး သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မအူပင် ရေနက်ကွင်း ဝါးတောရှိ ဖြိုးရော ငါးမွေးမြူရေး လုပ်ငန်းအမှတ်(၅) ငါးမွေးမြူရေးစခန်း တည်ဆောက်နေမှုနှင့် ကန်များတူးဖော် နေမှု အခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

စတုဘုမ္မိက ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် မေ ၂

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြောက် ဥက္ကလာပ ကျောက်ရေတွင်း ဝိဇ္ဇာမဂ္ဂင် ကျောင်းတိုက်၌ ဗုဒ္ဓနည်းကျကျေးဇူးရှင် (ငှက်တွင်း) ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး၊မဂ္ဂင် ရှစ်ပါး၊ သိက္ခာသုံးပါး အကျင့်မြတ် တရားကို မေ ၁၃ ရက်မှ ၂၂ ရက် အထိ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဝိဇ္ဇာမဂ္ဂင် ကျောင်းတိုက် ဖုန်း- ၆၅၃၀၁၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ မေ ၁၂ ရက်တွင် စုပေါင်းရဟန်းခံရှင်ပြု၊ သီလရှင်ဝတ် အလှူပြုလုပ်မည်ဖြစ်ပါ၍ ကြိုတင်လာရောက်နိုင်ရန် နှိုးဆော်ထား ကြောင်း သိရသည်။ (က-ပ)



သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရွှေသပြေ သစ်အခြေခံစက်မှုလုပ်ငန်း ပရိဘောဂစက်ရုံတွင် ကြည့်ရှုစဉ်။ (သစ်တော)

ရွှေသပြေ သစ်အခြေခံစက်မှုလုပ်ငန်း ပရိဘောဂစက်ရုံ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အိမ်သုံးတံခါးမကြီးများ၊ ပြတင်းတံခါးများ ထုတ်လုပ်နေသော ရွှေသပြေသစ်အခြေခံစက်မှုလုပ်ငန်း ပရိဘောဂစက်ရုံသို့ ရောက်ရှိရာ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးသိန်းဝင်းက စက်ရုံအတွင်းလှည့်လည်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ စက်ရုံသည် ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်မာများအစား အထပ်သားနှင့် လူသုံးနည်းသစ်များကို အသုံးပြု၍ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် တံခါးမကြီးများနှင့် ပြတင်းတံခါးများကို ထုတ်လုပ်လျက်ရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ် (၁) နှင့် (၂)မှ အသင်းဝင်အဆိုပြုလွှာများ လက်ခံယူစဉ်။ (၁၉)

ဦးအောင်သိမ်းအား ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် မေ ၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် ဦးအောင်သိမ်းအား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းက ကြီးမှူးကျင်းပသော အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တက်ရောက်၍ အမှာ စကားပြောကြားပြီး အသင်းဝင်အဆိုပြု လွှာနှင့် အလှူငွေများ လက်ခံသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၊ ခရိုင်နှင့် မြို့နယ်တို့မှ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်း ရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး နှင့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီး များ၊ ဆရာ၊ ဆရာမများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထား သော ဧည့်သည်တော်များနှင့် အလှူရှင် များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြား သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှု ဆောင် မြို့တော်ဝန်ထံ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ ၈၉၉ စောင် ကို ဆရာမ ဒေါ်သိန်းသိန်းထွန်းက လည်းကောင်း၊ အမှတ်(၂) အခြေခံ ပညာ အထက်တန်းကျောင်းမှ ဆရာမ များနှင့် ကျောင်းသား၊ ကျောင်းသူ များ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၅၅၆ စောင်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်က လည်းကောင်း ပေးအပ်ကြရာ ဗဟိုအလုပ်အမှုဆောင် က လက်ခံပြီး အသင်းဝင် အသိ အမှတ်ပြုကတ်ပြားများ ပြန်လည် ပေးအပ်သည်။

ထို့နောက် ရန်ကင်းမြို့နယ်ရှိ ကျောက်ကုန်းလမ်းမကြီး ပြုပြင် ထိန်းသိမ်းဆောင်ရွက်ရန် ဦးကျော်ဝေ- သုခမ္မသီဂီ ဒေါ်ဆွေသဇင် မိသားစုက ငွေကျပ်သိန်း ၂၀၊ ဦးကျော်မြင့်-ဒေါ်နှင်း နှင်းခိုင် မိသားစုနှင့် ဦးအောင်ဆန်း မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီ၊ ဗိုလ်မှူးကြီးခင်ဇော်(ငြိမ်း) မိသားစုနှင့် ဦးဇော်မိုး(သိက္ခာတော်ရဆရာ) ကံဘဲ့ နှစ်ခြင်းဘုရားကျောင်းတို့က ငွေကျပ် ငါးသိန်းစီကို ပေးအပ်ကာ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ရန်ကင်းမြို့နယ် အမှတ်(၉)ရပ်ကွက်သို့ သွားရောက်၍ ရပ်ကွက်နေပြည်သူများအား ရင်းရင်း နှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အင်ကြင်း မြိုင်လမ်းနှင့် စိန်ပန်းမြိုင်လမ်းများရှိ ချောင်းဖြတ် သစ်သားတံတားများ အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေး ကာ ရေရှည်တည်တံ့ကောင်းမွန်စေရန် သံကူကွန်ကရစ်တံတားအဖြစ် တည် ဆောက်ရေးအတွက် လိုအပ်သည်များ ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ (၁၉)

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၂

ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၌ ၁၉၈၆-၈၇ ပညာသင်နှစ်မှ စတင်၍ ယနေ့အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်း များ၏ ဒုတိယအကြိမ် အာစရိယပူဇော် ပွဲကို မကြာမီကာလအတွင်း ကျင်းပ မည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်း များအနေဖြင့် အာစရိယပူဇော်ပွဲ အောင် မြင်စွာ ကျင်းပနိုင်ရန်နှင့် အလှူငွေ များကို ကိုအေးထွန်းလင်း ဖုန်း-၀၉- ၅၁၀၉၁၁၇၊ ကိုမင်းဦး ဖုန်း-၀၉- ၅၀၀၇၁၆၆၊ ကိုမိုးသူကျော် ဖုန်း- ၀၉-၈၀၂၂၀၇၁၊ ကိုကျော်ကျော်နိုင် ဖုန်း-၀၉-၉၉၂၀၆၃၇၊ ကိုကျော်မြတ် သော် ဖုန်း-၀၉-၈၀၂၄၄၁၈၊ ကိုမျိုးမင်း အောင်ကျော် ဖုန်း-၀၉-၅၁၅၄၇၁၇၊ ကိုကျော်မောင်မောင်ဝင်း ဖုန်း- ၀၉- ၀၁၂၄၂၂၇၊ ကိုရူပ ဖုန်း- ၀၉- ၈၀၂၃၆၄၆၊ ကိုရဲဝင့်ထူး ဖုန်း- ၀၉- ၅၀၀၃၇၀၀တို့ထံ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းနှင့် စာအောင်သံဃာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂

မော်လမြိုင်မြို့ ဝက်ပါကျောင်းစာသင်တိုက် သာသနာပြန့်ပွားရေးအသင်းက ကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက် အလုပ်ပေးတရားစခန်း ပွဲနှင့် စာအောင်သံဃာပူဇော်ပွဲကို (တန်ခူးလပြည့်ကျော် ၁၀ရက်မှ ကဆုန်လဆန်း ၂ ရက်) မေ ၁၀ ရက်မှ ၁၇ ရက်အထိ ခုနစ်ရက်တိုင်တိုင် တရားစခန်းဖွင့်လှစ်၍ တရားဓမ္မများ သင်ကြားပို့ချမည်ဖြစ်သည်။ အဆိုပါ တရားစခန်းဝင် ယောဂီများသည် တန်ခူးလပြည့်ကျော် ၉ရက် (မေ ၁၀ရက်) ညနေ ၅ နာရီတွင် သတင်းပို့ရမည်ဖြစ်သည်။

မိုးကုတ်ဝိပဿနာ ခုနစ်ရက် အလုပ်ပေးတရားစခန်း ပြီးမြောက်ခြင်း အထိမ်းအမှတ် စာအောင်သံဃာတော်များအား ပူဇော်ပွဲကို ယင်းကျောင်းတိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင် ယောဂီများအတွက် လှူဒါန်းလိုသူများသည် သာသနာပြန့်ပွားရေးအသင်းသို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ (က-ပ)

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၄ ရက်က ဧရာဝတီရပ်ကွက် ရွှေဧရာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မမက ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကျော်စိန်ထံ သုတ၊ ရသ စာအုပ်မျိုးစုံ ၅၀ ကို ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

* ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် တောင်ငူမြို့ မြစည်းခုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တပဏ္ဍာဝံသထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ရွတ်ပွားသရဇ္ဈာယ်တော်မူ

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို သံဃာတော်များထံ ဆက်ကပ်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တသုတ် အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို ယူဆောင်၍ စေတီတော်ဝတ္တုကံတွင် ပက်ဖျန်း၊ ကြဲဖြန့်၊ ချည်နှောင်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း စိန်ဖူးတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့ အမှူးပြုသော ပရိသတ်များ သံတောင်မြို့နယ် ဘုရင့်နောင်တပ်မြို့၌ တည်ထားကိုးကွယ်သော မဟာကေတုသိင်္ဂီ စေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင် မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး၊ အလှူရှင်များက စေတီတော်အား ရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေကြာသင်္ကန်းတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ စသည့် ဌာပနာတော်များနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်ပူဇော် လှူဒါန်းကြသည်။

ထို့နောက် တောင်ငူမြို့ ရတနာဂုဏ်မြင့် ကျောင်းတိုက်ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသက အနုမောဒနာ တရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗိသုကာ အင်ဂျင်နီယာ၊ အဖွဲ့က မူလဘုရားဒါယကာ ဒါယိကာမများထံ စေတီတော်ကြီးအား ပြန်လည်အပ်နှင်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး၊ တာဝန်ရှိသူများနှင့် အလှူရှင်များသည် ဒေဝါဝင်း၊ ရာဇာဝင်းများခင်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေကြာသင်္ကန်းတော်၊ ရွှေထီးတော် ဘုံဆင့်များနှင့် ဗုဒ္ဓရုပ်ပွားတော်များအား ပင့်ဆောင်ကြပြီး မဟာကေတုသိင်္ဂီ စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြကာ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပို့ဆောင်ကြသည်။

ဆက်လက်၍ စေတီတော်ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားကို စေတီတော်အထက်ပစ္စယာ ဌာပနာတိုက်၌ ကျင်းပရာ မင်္ဂလာအခါတော် နံနက် ၉ နာရီ ၄၅ မိနစ်တွင် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဘုရားဒါယကာများ၊ အလှူရှင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်များ၊ ဓာတ်တော် မွေတော်များ၊ ဌာပနာတော်များကို ထည့်သွင်းပူဇော်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ထိုအချိန်တွင် သံဃာတော်များက ဇယမင်္ဂလာ ဗောဓိယာမူလေ အစရှိသော ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ပေးကြသည်။

ယင်းနောက် ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်းတော်များကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ကြသည်။

ထို့နောက် မင်္ဂလာအခါတော် ရောက်သည်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အလှူရှင်များက ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်းတော်တို့ကို အစီအစဉ်အတိုင်း စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ထိုအချိန်တွင် သံဃာတော်များက ဇယန္တော ဗောဓိယာမူလေ အစရှိသော ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ပေးကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို စေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အလှူရှင်များက ဂန္ဓကုဋိတိုက်အတွင်း ကိန်းပပ်စံပယ်တော်မူကြမည့် မုဒြာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရွှေကြာသင်္ကန်းများ၊ ဆွမ်း၊ သစ်သီးဆွမ်းများ၊ ပန်းနှင့် သောက်တော်ရေများကို ဆက်ကပ်ပူဇော်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မုဒြာဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် မဟာကေတုသိင်္ဂီ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားကာ နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် စေတီတော်ရှိ မော်ကွန်းကမ္ပည်းများကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

မဟာသင်္ကြန်ရက်များအတွင်း ရေဆက်သွယ် ကစားလိုသည့် ကိစ္စရပ်များ မြို့တော်စည်ပင် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သို့ ဆက်သွယ်ဆောင်ရွက်နိုင်

ရန်ကုန် ဧပြီ ၂

၁၃၆၈ ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်၊ အင်းလျားကန်နှင့် ကန်တော်ကြီးကန်တို့မှ ရေဆက်သွယ် ကစားလိုသည့် ကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)သို့ ဧပြီ ၁၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ယာယီရေဆက်သွယ်ရန်အတွက် ခွင့်ပြုမိန့်လျှောက်ထားကြရမည်ဖြစ်သည်။

ယင်းယာယီရေဆက်သွယ်ခွင့် လျှောက်လွှာများကို သက်ဆိုင်ရာမြို့နယ် စည်ပင်အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ်(ရေ/သန့်)တာဝန်ခံရုံးများတွင် အခမဲ့ ထုတ်ယူနိုင်သည်။

ခွင့်ပြုမိန့်လျှောက်ထားရာ၌ သတ်မှတ်လျှောက်လွှာတွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်(ရေ/သန့်) တာဝန်ခံတို့၏ မှတ်ချက်ရယူပြီး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ မဏ္ဍပ်ဆောက်လုပ်ခွင့်ကို ပူးတွဲတင်ပြလျှောက်ထားကြရမည်ဖြစ်သည်။

ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဝန်ထမ်းများက ရေကစားမဏ္ဍပ်သို့ စည်းကမ်းချက်များနှင့်အညီ ရေဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုမိန့်မရရှိဘဲ ကော်မတီပိုင်ရေပိုက်များ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေကိုဆက်သွယ်၍ ရေကစားခြင်းမပြုကြရန်နှင့် မီးသတ်ပိုက်ခေါင်းများမှ ရေကစားခြင်းလုံးဝ(လုံးဝ) မပြုလုပ်ရန်၊ ပြုလုပ်ပါက ဥပဒေစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်ထားကြောင်း သိရသည်။

(သတင်းစဉ်)

"သတိပြုရန်"

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်–

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူးစည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိပ်ဇောပိုက်ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲမမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်) မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝ မတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူ ဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် ခေတ်မီ ပစ္စည်းကိရိယာများဖြစ်သော CCTV Camera, Redlight Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့် ရိုက်ကူးပြီး အရေးယူဆောင်ရွက်သွားပါမည်။

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"**

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့ကရိတ်မြို့နယ်ရှိ ဒါဝယ်ဒါတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ ထို့ကော်ကိုးဒေသမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ဘားအံမြို့မှ ဘားအံ–ကော့ကရိတ်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် နဘူးသို့ရောက်ရှိကြရာ နယ်မြေခံ တပ်ရင်း၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ကော့ကရိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဧည့်ခန်းမ၌ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ထို့ကော်ကိုးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် နေအိမ်များ တည်ဆောက်ပြီးစီးမှု၊ နဘူး–ထို့ကော်ကိုးလမ်း ၆ မိုင် ၆ ဖာလုံကို ကျောက်ခင်းပြီး ပေ ၉၇၀၀ ၊ ဆက်လက်ကျောက်ခင်းဆဲ ပေ၅၂၀၀နှင့် ကတ္တရာခင်းပြီး ပေ ၁၀၀၀ ဆောင်ရွက်ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု၊ ဒါဝယ်ဒါတံတား ဆောင်ရွက်ပြီးစီးနေမှု၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် မြေယာဖော်ထုတ်ပြီးစီးမှုနှင့် ဖော်ထုတ်ပြီးလယ်မြေများတွင် ဆင်းသွယ်လတ်၊တောင်ယာ နှစ်ရှည်ရော်ဘာပင် စိုက်ပျိုးထားမှု၊ စိုက်ပျိုးရေပေးဝေနိုင်ရန် ပတချောင်းအား ရေစီးရေလာကောင်းမွန်လာစေရန် ပြန်လည်တူးဖော်ဆောင်ရွက်ထားရှိမှု၊ ရေလှောင်တမံများ ဆောင်ရွက်နိုင်မည့်အခြေအနေ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် လတ်တလော ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ငါးနှင့်ကြက်မွေးမြူရေး စီစဉ်ထားရှိမှုအခြေအနေများနှင့် ထို့ကော်ကိုး အခြေခံပညာမူလတန်းလွန်ကျောင်း အဆောက်အအုံကို အလျားပေ ၁၂၀၊ အနံ ပေ ၃၀ တစ်ထပ် သံကူကွန်ကရစ် အုတ်ညှပ်ကျောင်းအဖြစ် တည်ဆောက်လျက်ရှိရာ ၄၀ရာခိုင်နှုန်း ပြီးစီးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီးထို့ကော်ကိုးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ချိန်အမီဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ နဘူးချောင်းနှင့် ပတချောင်း ရေလှောင်တမံစီမံကိန်းတို့ကို တစ်ခုနှင့်တစ်ခုနှိုင်းယှဉ်၍ ဖြစ်ထွန်းလာမည့် အကျိုးတို့ကိုပါ စနစ်တကျ နှိုင်းယှဉ်စိစစ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နဘူး–ထို့ကော်ကိုး လမ်း၏နဘူးအထွက်နေရာတွင် လမ်းအား ကတ္တရာလောင်းနေမှု၊ လမ်းကျောက်သားသိပ်သည်းစေရန် စက်ယန္တရားဖြင့် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၂/၂)အနီးရှိ အရှည် ပေ၁၂၀ ခံနိုင်ဝန် ၁၃တန်ရှိသည့် ဒါဝယ်ဒါတံတားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ထို့ကော်ကိုး အခြေခံပညာ မူလတန်းလွန်ကျောင်း အဆောက်အအုံသစ်ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဒေသငြိမ်းချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပိုမိုတိုးတက်သည်ထက်တိုးတက်အောင် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆောက်လုပ်ဆဲ အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ သံကူကွန်ကရစ်အုတ်ညှပ်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီး ဒေသနေတိုင်းရင်းသား လူငယ်များအား အရည်အသွေး ပြည့်ဝသောလူ့စွမ်းအားအရင်းအမြစ်များဖြစ်ပေါ်လာစေရန် အခြေခံလိုအပ်သော ကျောင်းအဆောက်အအုံကို လာမည့်စာသင်နှစ်အမီ ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ မူလကျောင်းအဆောက်အအုံ၌ ကျောင်းသားလူငယ်များအား ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းပို့ချနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျောင်းသားလူငယ်များအား နိုင်ငံတော်အတွက် အားထားရမည့် ပညာတတ်များဖြစ်ပေါ်လာအောင် ပျိုးထောင်ပေးကြရေး၊ ကျောင်းတွင် နိုင်ငံတော်အလံကို လွှင့်တင်၍ နိုင်ငံတော်သီချင်းသီဆိုကြခြင်းဖြင့် ကျောင်းသားကျောင်းသူများကို ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်တက်ကြွစေရန် ပြုစုပျိုးထောင်ပေးကြရန် မှာကြားပြီး ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ၄၅မိနစ်တွင် ထို့ကော်ကိုးဖွံ့ဖြိုးရေးဒေသသို့ရောက်ရှိကြရာ ထို့ကော်ကိုးဒေသမှ တိုင်းရင်းသားခေါင်းဆောင် ဦးငွေမောင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ထို့ကော်ကိုးဒေသ၌ တည်ဆောက်လျက်ရှိသော နေအိမ်များ ဆောက်လုပ်နေမှုနှင့် ထို့ကော်ကိုးမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ထို့ကော်ကိုးဒေသမှ တိုင်းရင်းသားမိသားစုများအတွက် မွေးမြူရေးဝက်နှင့်ကြက်များကို ထောက်ပံ့ပေးအပ်ရာ ထို့ကော်ကိုး ဒေသတာဝန်ခံ ဦးထော့လေးနှင့် မိသားစုများက လက်ခံကြသည်။

ဆက်လက်၍ ထို့ကော်ကိုးဒေသရှိရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား ကော့ကရိတ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထို့ကော်ကိုးဒေသ၌ နေအိမ် ၁၀၀ ကို ယခုနှစ်ဧပြီလအတွင်းအပြီးဆောက်လုပ်မည့် အခြေအနေ၊ နဘူးတိုက်နယ်အတွင်းမြေရိုင်းများမှ လယ်ယာမြေဖော်ထုတ်လျက်ရှိရာ ဧက ၃၀၀ ၌ ဆင်းသွယ်လတ်စပါးမျိုး ၉၆ ဧက၊ ရေနက်စပါး ၁၈၅ ဧက စိုက်ပျိုးထားမည့် အခြေအနေ၊ နှစ်ရှည်ပင် ၂၃၆၄ ပင် ပျိုးထောင်ထားရှိမှု၊ နဘူး–ထို့ကော်ကိုးလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ထို့ကော်ကိုး၌ တည်ဆောက်နေသောနေအိမ်များကိုအမြန်ပြီးမြောက်အောင်ဆောင်ရွက်ရေး၊လမ်းကို မိုးမတိုင်မီ ကျောက်ခင်းခြင်းကို ပြီးစီးအောင်ဆောင်ရွက်ရေး၊ လယ်ယာမြေဖော်ထုတ်စိုက်ပျိုးမှုကို ဒေသနေ တိုင်းရင်းသားပြည်သူများ အကျိုးရှိရှိ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ကြရေး၊ ဒေသအတွက် လိုအပ်သည်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနတာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးကြရေး၊ ဒေသအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ထက်မြက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ထို့ကော်ကိုးဒေသမှ တိုင်းရင်းသားခေါင်းဆောင် ဦးငွေမောင်က နိုင်ငံတော်က စေတနာထားဆောင်ရွက်ပေးမှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများနှင့် ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသတိုင်းရင်းသားခေါင်းဆောင် ဦးငွေမောင်နှင့် မိသားစု၊ ဦးထော့လေးနှင့်အဖွဲ့ဝင်များအားလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့က ဒေသနေ တိုင်းရင်းသားပြည်သူများအတွက် မီးဖိုဆောင်သုံး စားသုံးသီးနှံများနှင့် လူသုံးကုန်ပစ္စည်းများကို တိုင်းရင်းသားခေါင်းဆောင် ဦးငွေမောင်နှင့် အဖွဲ့ဝင်များထံ အသီးသီး ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ထို့ကော်ကိုးဒေသမှ ကလေးငယ်များအား အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံပေးမှုများကို ကြည့်ရှုအားပေးပြီး ကလေးသူငယ်များအား လက်ဆောင်ပစ္စည်းများပေးအပ်ကာ ထို့ကော်ကိုးဒေသဆေးပေးခန်းမှ ဆေးဝါးနှင့်ဆေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ထို့ကော်ကိုးဒေသအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်မှ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသနေတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ထို့ကော်ကိုး ပျိုးခြံ၌ BPM-24 အမျိုးအစား ရော်ဘာပျိုးပင်များ၊ သရက်၊ သံပရာ၊ မာလကာ၊ ကျွဲကောနှင့် ကင်ပွန်းချဉ်ပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသ၏ရေမြေသဘာဝနှင့်ကိုက်ညီသော နှစ်ရှည်ပင်များကို ဒေသနေ ပြည်သူများ စိုက်ပျိုးနိုင်အောင် ပံ့ပိုးကူညီပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ထို့ကော်ကိုးဒေသအတွက် ရော်ဘာစိုက်ပျိုးရန် မြေများကို စက်ယန္တရားများဖြင့် ဖော်ထုတ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆည်မြောင်းလုပ်ငန်း ဆောင်ရွက်ချက်တစ်ခုဖြစ်သည့် ပတချောင်းကို ရေစီးရေလာကောင်းရန် စက်ယန္တရားဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကြည်က ဒေသရှိ စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေပေးဝေနိုင်အောင် ချောင်းကို အဖြောင့်တူးဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားပြီး ပတချောင်းရေဖြင့် လယ်ယာလုပ်ငန်းဆောင်ရွက်နေကြသော ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လက်ရှိရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပိုမိုပြည့်စုံလာအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ မိမိတို့၏ လူမှုစီးပွား ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အကျိုးအမြတ်ရရှိနိုင်မည့် ရော်ဘာစိုက်ပျိုးမှုကို တိုးချဲ့လုပ်ကိုင်သွားရန် ဖြစ်ကြောင်း၊ မြေနှင့် နည်းပညာပံ့ပိုးမှုများကို နိုင်ငံတော်က ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ထို့ကော်ကိုးဒေသအတွက် ၁၂ဧကရှိ ငါးကန်တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ထို့ကော်ကိုးမှ နဘူးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာပြီး လမ်းတစ်လျှောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စပါးစိုက်ခင်းအတွက် မြေယာဖော်ထုတ်နေမှုများ၊ လမ်းဘေးဝဲ/ယာရှိ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ နဘူးရှိ နယ်မြေခံ တပ်နယ်ခန်းမ၌ နဘူးတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နဘူးတပ်နယ် မိသားစုများအတွက် အဝတ်အထည်နှင့် အိမ်သုံးကုန်ပစ္စည်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ပြီး ပြန်လည်ထွက်ခွာကြရာ ကော့ကရိတ်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

အရိယာရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကျိုက္ကလဲ့စေတီအနီးရှိ အရိယာရိပ်သာကျောင်းတိုက်တွင် မဟာသင်္ကြန် တရားစခန်းကို ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေလာသဓမ္မပါရဂူဆရာတော်က မူလမင်းကွန်းဆရာတော်ကြီး၏ မဟာသတိပဋ္ဌာန် ကမ္မဋ္ဌာန်းနည်းအတိုင်း ဝိပဿနာ အလုပ်ပေးတရားတော်များဟောကြားမည်ဖြစ်ရာ ယောဂီများ တရားစခန်းဝင် အားထုတ်နိုင်ရန် ကြွရောက်နိုင်ကြောင်းနှိုးဆော်ထားသည်။ (၅၃၂)

ပေးအပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ဒလမြို့နယ် ဆံတော်ရှင် ဓနုတ်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❍ ဓနုတ်စေတီတော်မှ

သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း–သီရိသုဓမ္မသီဂိဒေါ်ခင်ချိုအုန်း မိသားစုက ငွေကျပ် ၁၂ သိန်း၊ ရန်ကုန်တိုင်း မထသ (အဝေးပြေး)က ငွေကျပ် ၁၀သိန်း၊ တပ်မတော်(ရေ)အရာရှိ စစ်သည်မိသားစုများ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးညွန့်ငွေ–သီရိသုဓမ္မသီဂိ ဒေါ်နီလာဆွေ (ကြည့်မြင်တိုင်)၊ သီရိသုဓမ္မမဏိဇောတဓရ ဦးနိုင်ဦး–သီရိသုဓမ္မသီဂိ ဒေါ်အေးသိန်း(မိဘရိပ်သစ်စက်)၊ ဦးဝင်းနိုင်–ဒေါ်ယဉ်ငွေ မိသားစု (ဗညားဒလရပ်ကွက်ဒလမြို့)၊ ဦးမောင်မောင်ကျော်ဝင်း–ဒေါ်တင်တင်ရီ (အောင်မင်္ဂလာရပ်ကွက်၊ဒလမြို့)နှင့်ဦးမောင်စံ (ရန်ကုန်အနောက်ပိုင်းခရိုင် မထသ) တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးချစ်ခိုင် (မန်နေဂျင်းဒါရိုက်တာ၊ ဇေဒင်အုပ်စုကုမ္ပဏီလီမိတက်)ကငွေကျပ်လေးသိန်း၊ ဆန်စက်လုပ်ငန်းရှင်များ အသင်းခွဲ (သန်လျင်မြို့)၊ ဦးခင်ဝင်းနှင့် ဦးစိန်မြင့်(ကျောက်တန်းမြို့နယ်)၊ ဦးအောင်လွင် (သစ်လုပ်ငန်းရှင်များအဖွဲ့၊ ခရမ်းမြို့)နှင့် ဦးဘသက် (ငါးမွေးမြူရေးလုပ်ငန်း၊ရွှေမယင်းဒေသ၊တွံတေး) တို့က ငွေကျပ် သုံးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေကလက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဦးသန်းဝင်းနှင့် ဦးဇော်ဝင်း (အံ့ကြီးအရှေ့ရပ်ကွက်၊ ဒလ)၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်း(ရန်ကင်း)၊ သီရိသုဓမ္မမဏိဇောတဓရ ဦးသိုင်းဝင်း– သီရိသုဓမ္မသီဂိ ဒေါ်ငွေငွေညွှန့်(BTB Co, Ltd)၊ ဦးလေးဝင်းဦး–ဒေါ်မြင့်မြင့်ဝင်းနှင့် ဦးကျော်မြင့်–ဒေါ်သန်းရီ (ပျော်ဘွယ်ကြီးကျေးရွာ၊ ဒလ)၊ ဘဒ္ဒန္တပညာဝံသနှင့် ဒါယကာ၊ ဒါယိကာမများ (ဘိုးဖြူချောင်းကျေးရွာအုပ်စု၊ ဒလ)၊ ဦးအေးသိန်း၊ ဦးထိန်ဝင်း၊ ဦးမောင်လှိုင်နှင့် ဒေါ်ရှမ်း (အောင်မင်္ဂလာရပ်ကွက်၊ ဒလ)၊ ဦးအောင်လှိုင်နှင့်အဖွဲ့ (တပင်ရွှေထီးရပ်ကွက်၊ ဒလ)၊ ဒေါ်တင်ကြည် (မှော်စက်ရပ်ကွက်၊ ဒလ)၊ ဦးစံသိန်း(ခေါ်)ဦးသာချို–ဒေါ်ခင်မြရီ(အံ့ကြီးအနောက်၊ဒလ)၊ ဒုတိယဗိုလ်မှူးကြီးတင့်အောင်–ဒေါ်နုနုဟန်(ရွှေဘုံသာအောက်လမ်း)၊ ဦးကျော်စိုးဝင်း(KSW မော်တော်ယာဉ် ထုတ်လုပ်ရေး)၊ နိုင်ဂရ ဆောက်လုပ်ရေး ကုမ္ပဏီ၊ မင်္ဂလာတောင်ညွန့်)၊ ဦးမောင်ကြီး (ရတနာရှူခင်းသာဟိုတယ်၊သာကေတ) နှင့်ဒေါ်ကြည်ကြည်စန်း(လမ်းမတော် (၅) လမ်း၊ဆိပ်ကြီးခနောင်တို)တို့က ငွေကျပ်သုံးသိန်းစီနှင့် ဆီကုန်သည်များအသင်း (သန်လျင်) က ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အလှူရှင်များဖြစ်ကြသော ဦးရဲအောင်–ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ် ကုမ္ပဏီလီမိတက်)၊ ဦးလှအောင်–ဒေါ်သီဂီနိုင် (ရွှေနဂါးဘုရင် နံ့သာဖြူအမွှေးတိုင်လုပ်ငန်း)၊ (ရန်ကုန်တောင်ပိုင်းခရိုင် မထသ)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှပြည်သူများ၊ ဗိုလ်တထောင်မြို့နယ်မှ ပြည်သူများ၊ ဦးအောင်မွန် (မြင့်မြတ်ဆန်စပါးရောင်းဝယ်ရေး)၊ အောင်ဇောမိဂေါပကအဖွဲ့(အလုံ)၊ ဥပါဠမ္မက အဖွဲ့(အလုံ)၊ ဦးတင်ဝင်း–သီရိသုဓမ္မသီဂိ ဒေါ်ခင်ကြည်(ဆန်းကိုကိုဘီစကွတ်)၊ ဦးကျော်ဟွန်း(Sunfar Farmat and Tours)နှင့် ဦးဝင်းစိန် (ဒါရိုက်တာ၊Asia Express Co, Ltd) တို့က ငွေကျပ် နှစ်သိန်းစီ အပါအဝင်အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင့်ဆန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

အလှူရှင်များက လှူဒါန်းသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် သိန်း ၄၀၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လူသွားစင်္ကြံနှင့်လမ်းမများပေါ်တွင် ဈေးသည်များ ဈေးရောင်းချလျက်ရှိ ယာဉ်အန္တရာယ်မဖြစ်ရေး၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ရေး ကြပ်မတ်ဆောင်ရွက်

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၃၀ ရက် ညနေ ၅ နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တွင်းရှိ အချို့မြို့နယ်များ၌ လမ်းဘေး လူသွားစင်္ကြံနှင့်လမ်းမများပေါ်တွင် ဈေးသည်များ ဈေးရောင်းချလျက်ရှိသဖြင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် မဖြစ်စေရေး၊ ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်တိုက်ခိုက်မှုများ မဖြစ်ပွားစေရေးအတွက် ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားရန်၊ ရေယာဉ်များ မတော်တဆမှု မဖြစ်စေရေးနှင့်ခရီးသည်များဘေးကင်းလုံခြုံရေးအတွက် ရေယာဉ်လိုင်းတာဝန်ခံများနှင့် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်၊ အဝေးပြေးယာဉ်လိုင်းများမှ မော်တော်ယာဉ်များအား ပေါ့ဆစွာနှင့်အရှိန်ပြင်းစွာ မောင်းနှင်မှုမပြုစေရေး၊ အဝေးပြေးလမ်းမများ လမ်းအလယ်၌ ယာဉ်များမရပ်စေရေးအတွက် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား မထသ (အဝေးပြေး)နှင့်ယာဉ်လိုင်းတာဝန်ခံများက ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဧပြီ ၁ ရက်က လမ်းမတော်မြို့နယ် (၂၃)ကြိမ်မြောက် စုငွေဘွဲ့နှင်းသဘင် အခမ်းအနားကို သရက်တောကျောင်းတိုက် ပရိယတ္တိအလယ်တိုက်ကျောင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော် စာအောင်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(၄၃)

မိဘမဲ့တိုင်းရင်းသား ကလေးငယ်များအား တောင်ဥက္ကလာပမြို့နယ် စလေသီဂီဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပဓာန နာယက ဆရာတော် ဦးစန္ဒိမာ မဟာသဒ္ဓမ္မဇောတိကဓဇထံ စုပေါင်းရှင်သာမဏေပြုပွဲ ကျင်းပစဉ်။
(၆၃)

U10. U12. U.14 လူငယ်တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့က ကြီးမှူး၍ RANBAXY Co.,Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် RANBAXY Junior Tennis Tournament ပြိုင်ပွဲကို ဧပြီ ၅ ရက်မှ ၁၁ ရက်အထိ သိမ်ဖြူတင်းနစ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ အသက် (၁၀)နှစ်အောက်၊ အသက် (၁၂)နှစ်အောက်၊ အသက် (၁၄)နှစ်အောက် (ကျား၊ မ)တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲတို့ ဖြစ်သည်။ နယ်မှ လာရောက်ယှဉ်ပြိုင်သူများကို သတ်မှတ်ထားသော နှုန်းထားများအတိုင်း ထောက်ပံ့ပေးပြီး နေထိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၄ ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းရန်နှင့် အသက်မှန်ကန်ကြောင်း ထောက်ခံစာများ ယူလာရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ ပညာခေတ်
- **၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၅** ၁၃။ ခါသင်္ကြန် အဆို၊ အကများ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှိတော့ရှိတယ် ရှားတယ်" (အပိုင်း-၄)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ မွေးမြူသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း-၁၇)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။
(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနအနေဖြင့် ရည်မှန်းချက်တာဝန်များ စနစ်တကျမှန်ကန်မြန်ဆန်စေရေး ဂရုပြုဆောင်ရွက်

ရန်ကုန် ဧပြီ ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဌာနခွဲမှူး ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်း၊ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားရာ၌ ဝန်ထမ်းများသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေအနေများကို မျက်ခြည်မပြတ်လေ့လာ၍ နားလည်သဘောပေါက်ပြီး မိမိတို့လုပ်ငန်းများ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနအနေဖြင့် ရည်မှန်းချက်တာဝန်များကို စနစ်တကျ မှန်ကန်မြန်ဆန်စေရေးအတွက် ဂရုပြုကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်း၊ ခရိုင်ဦးစီးဌာနမှူးများသည် မြို့နယ်အဆင့်သို့ မျက်ခြည်မပြတ် ကွင်းဆင်းစစ်ဆေးကြပ်မတ်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းက ရန်ကုန်တိုင်းအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်နှင့် တာဝန်ရှိသူတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

မှာကြား

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သက်ကြီးပူဇော်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ စုပေါင်း၍ ချောက်မြို့တွင် သက်ကြီးပူဇော်ပွဲ ကျင်းပစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ စုပေါင်း၍ ရှင်ပြုအလှူတော်မင်္ဂလာနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းသော ချောက်မြို့၊ ဆိပ်ဖြူမြို့နှင့် ပုဂံမြို့တို့မှ ရှင်သာမဏေအပါး ၂၀၀၀ ရှင်ပြုအလှူတော်မင်္ဂလာနှင့် သက်ကြီး ၁၀၅၀ တို့အား ပူဇော်ပွဲကို မကွေးတိုင်း ချောက်မြို့၌ မတ် ၃၁ ရက်နှင့် ဧပြီ ၁ ရက်တို့တွင် ကျင်းပသည်။

ရှေးဦးစွာ မတ် ၃၁ ရက် နံနက် ၉နာရီခွဲတွင် ချောက်မြို့ မင်္ဂလာသာစည်စာသင်တိုက်ရှိ အလှူတော်မင်္ဂလာမဏ္ဍပ်၌ မကွေးတိုင်း ချောက်မြို့နယ်အတွင်းရှိ အသက် (၇၅)နှစ်အထက် သက်ကြီးရွယ်အိုဘိုးဘွား ၁၀၅၀တို့အား သက်ကြီးပူဇော်ပွဲကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မြို့မိမြို့ဖများ၊ မြို့သူမြို့သားများ တက်ရောက်ကြသည်။

ရှိခိုးကန်တော့

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က သက်ကြီးပူဇော်ပွဲ ကျင်းပလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သက်ကြီးရွယ်အိုဘိုးဘွား ၁၀၅၀ တို့အား တက်ရောက်လာသူများက ရှိခိုးကန်တော့ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများက ဘိုးဘွားများထံ ကန်တော့ပစ္စည်းများကို တစ်ဦးချင်း လိုက်လံပေးအပ် လှူဒါန်းကြပြီး ကန်တော့ခံသက်ကြီးဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဝမ်းမြောက်ဝမ်းသာစကား ပြောကြားသည်။

ယင်းနောက် ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားကို ညနေ ၃ နာရီတွင် ဆက်လက်ကျင်းပရာ ချောက်မြို့ အေးစေတီကျောင်းမှစတင်၍ အလှူတော် မင်္ဂလာကျင်းပမည့် မင်္ဂလာသာစည်စာသင်တိုက်အထိ ရှင်လောင်းများသည် မြို့တွင်းလမ်းမတစ်လျှောက် လှည့်လည်ကြပြီး အလှူတော်မင်္ဂလာမဏ္ဍပ်၌ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဇနီး၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုတို့သည် ရှင်သာမဏေများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကာ ရှင်လောင်း လှည့်လည်ပွဲကို ရုပ်သိမ်းလိုက်သည်။

ဧပြီ ၁ရက် နံနက် ၉နာရီတွင် ရှင်အပါး၂၀၀၀ ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနား ရေစက်ချ တရားနာပွဲကို ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် ဇနီး၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများ၊ မကွေးတိုင်းအဆင့်၊ ခရိုင်အဆင့်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ချောက်မြို့မှ မြို့မိမြို့ဖများနှင့် ပြည်သူလူထုများ၊ ရှင်သာမဏေများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တက်ရောက်လာသူများက မကွေးမြို့ ဆိပ်ဖြူကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ပင့်သံဃာ အပါး ၁၅၀ တို့က ပရိတ်တရား ဒေသနာတော်ကို ချီးမြှင့်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး ဒေါ်တင်တင်လတ်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တက်ရောက်လာကြသော အလှူရှင်မိသားစုများက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နာယက ဆရာတော်ကြီးထံမှ လှူဒါန်းမှု အစုစုအတွက် အနုမောဒနာ တရားကိုနာယူ၍ ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းသော ရှင်ပြု အလှူတော် မင်္ဂလာပွဲကို ချောက်မြို့တွင် ကျင်းပစဉ်။
(သတင်းစဉ်)

ရတနာဉာဏ်ရောင် ဓမ္မရိပ်သာ သင်္ကြန် (၁၀)ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် ရတနာဉာဏ်ရောင်ဓမ္မရိပ်သာ ကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်(၁၀)ရက် တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဩဝါဒအတိုင်း ဧပြီ ၈ ရက်မှ ၁၇ ရက် (နှစ်ဆန်း ၁ ရက်) နေ့အထိ ဝိပဿနာ အလုပ်ပေး တရားများကို ရတနာဉာဏ်ရောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ကယ်လီဖိုးနီးယားပြည်နယ် Dali City မြို့ ရတနာဉာဏ်ရောင် ဓမ္မရိပ်သာကျောင်းတိုက်၊ Indiana ပြည်နယ် Fort Wayne မြို့ ဇေတဝန်ကျောင်းတိုက်တို့၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ တေဇဝန္တ (ကမ္မဋ္ဌာနာစရိယ)က ဟောကြားမည်ဖြစ်ပြီး တရားစခန်းဝင်လိုသူ ယောဂီများနှင့် ဒုလ္လဘ၊ သီလရှင်ဝတ်လိုသူများ၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လိုသူများ ရိပ်သာဖုန်း-၅၄၃၃၅၅ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ထူးခြားသည့် နေ့အပူချိန်များ

(၂-၄-၂၀၀၇)

မကွေး
၄၄ ဒီဂရီစင်တီဂရိတ်
(၁၁၁ ဒီဂရီဖာရင်ဟိုက်)

နေပြည်တော်၊ ပြည်၊ ချောက်နှင့် ပျဉ်းမနား
၄၂ ဒီဂရီစင်တီဂရိတ်
(၁၀၈ ဒီဂရီဖာရင်ဟိုက်)

မင်းဘူး
၄၅ ဒီဂရီစင်တီဂရိတ်
(၁၁၃ ဒီဂရီဒီဖာရင်ဟိုက်)

ရန်ကုန်
၄၀ ဒီဂရီစင်တီဂရိတ်
(၁၀၄ ဒီဂရီဖာရင်ဟိုက်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၇။ အတီးပြိုင်ပွဲ
၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၉။ ခါသင်္ကြန်အဆိုအကများ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရက္ခဗေဒအထူးပြု)(ရက္ခဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၅ ၆။ ခံစားနားဆင် တေးဇာတ်ဝင်
၅:၂၅ ၇။ **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ" (လူကူးမျဉ်းကြားမှကူးမယ်)**
၅:၃၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၅၀ ၁၂။ ခါသင်္ကြန်အဆိုအကများ
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သစ္စာ ဘဝပင်ခြားသော်လည်း" (အပိုင်း-၉)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း-၃၅) (ဇာတ်သိမ်းပိုင်း)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

✧ အင်တာနက်သတင်း

ရုရှ်ဟွာကော်ပိုရေးရှင်း ကျောက်မီးသွေးလုပ်ငန်းအုပ်စုသည် တရုတ်နိုင်ငံ၏ အကြီးဆုံး ကျောက်မီးသွေးလုပ်ငန်းကြီးဖြစ်သည်။ ကျောက်မီးသွေး အရည်စက်ရုံတည်ဆောက်ရေးလုပ်ငန်းကို အတွင်းမွန်ဂိုလီးယားဒေသအား ဒေါ်စ်မြို့၌ တည်ဆောက်သွားရန် အစီအစဉ်ကို ယင်းကော်ပိုရေးရှင်းက အဆိုပြုလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ထိုစီမံကိန်းမှထွက်လာသော ကျောက်မီးသွေးအရည်များသည် ချက်လုပ်ပြီး ရေနံ၏အသွင်တစ်မျိုးဖြင့် ထွက်လာမည်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် စီမံကိန်း၏ ဒုတိယအဆင့်ပြီးစီးသွားသောအခါ ရေနံထွက်ပစ္စည်း တန်ချောက်သန်းနှင့်ညီမျှသော ထွက်ကုန်များရရှိမည်ဖြစ်ရာ ရေနံအတွက် ပြည်ပကို မှီခိုနေရမှုကို သိသိသာသာလျှော့ချသွားနိုင်မည်ဖြစ်ကြောင်း ရုရှ်ဟွာကော်ပိုရေးရှင်း၏ ဒုတိယဥက္ကဋ္ဌ ဝမ်ပင်ဂန်က ပြောကြားသည်။

အဆိုပါစီမံကိန်း၏ ပထမအဆင့်တွင် ထုတ်လုပ်ရေးယူနစ်ပေါင်းသုံးခုကို အမေရိကန် ဒေါ်လာ ၃ဒသမ၂ဘီလီယံ ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်သွားမည်ဖြစ်သည်။ ပထမအဆင့်၏ ကနဦး ထုတ်လုပ်ရေးလိုင်းသည် ယခုနှစ်အကုန်တွင် ပြီးစီးမည်ဖြစ်ပြီး ကုန်ကြမ်း ကျောက်မီးသွေးတန် ၃ ဒသမ ၄၅ သန်းကို အသုံးပြု၍ ရေနံထွက်ပစ္စည်း တန်တစ်သန်းကို ထုတ်လုပ်ပေးမည်ဖြစ်သည်။

ကျန်ထုတ်လုပ်ရေး ယူနစ်နှစ်ခုသည် ၂၀၀၉ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ ထိုအခါ စက်ရုံ၏ထုတ်လုပ်နိုင်မှု စွမ်းအားသည် ရေနံထွက်ပစ္စည်းတန် ၃ဒသမ၂ သန်းနှင့် ညီမျှမည်ဖြစ်သည်။

ဖော်ပြပါစက်ရုံတွင် အသုံးပြုထားသော စက်ပစ္စည်းအစိတ်အပိုင်းများ အနက် ၆၀ ရာခိုင်နှုန်းကျော်သည် ပြည်တွင်းဖြစ်များဖြစ်ပြီး နည်းပညာမှာလည်း ပြည်တွင်းနည်းပညာပင်ဖြစ်သည်ဟု ဆိုသည်။

အပြည်ပြည်ဆိုင်ရာ ရေနံဈေးကွက်တွင် ရေနံဈေးနှုန်းများ ထိုးတက်သွားပြီးနောက်ပိုင်း တရုတ်နိုင်ငံသည် ကျောက်မီးသွေးမှ ရေနံပြုလုပ်ယူမည့် စီမံကိန်းကို စိတ်ဝင်စားလာခြင်းဖြစ်သည်။ သို့ဖြစ်၍ ရုရှ်ဟွာ ကျောက်မီးသွေးအရည်စက်ရုံ စီမံကိန်းသည် နိုင်ငံအတွက်အရေးပါသော စီမံကိန်းဖြစ်ကြောင်း ပေကျင်းရှိ ကျောက်မီးသွေးအရည်လုပ်ငန်း သုတေသနဌာနမှ အကြီးအကဲ လီကီဂျန်က ပြောကြားသည်။

အင်တာနက်

စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဧပြီ ၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် စင်ကာပူသမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့် အဖွဲ့ဝင် များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chuaနှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ရန်ကုန်မြို့၌ ရောက်ရှိ နေသော ဧည့်သည်တော် စင်ကာပူ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့် အဖွဲ့သည် ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၏ Library Room သို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံခြား ရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း နှင့်အတူ အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများနှင့် စီးပွားရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြနှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ တက်ရောက် ကြပြီး ဧည့်သည်တော် စင်ကာပူသမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့် အဖွဲ့ နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံ တော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua လည်း တက်ရောက်သည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr George Yeo နှင့်အဖွဲ့အား ဆီဒိုးနား ဟိုတယ်ရှိ Sedona Executive Club ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

တွေ့ဆုံ

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား စင်ကာပူ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး H.E. Mr. George Yeo **နှင့် အဖွဲ့ဝင်များ လာရောက် တွေ့ဆုံစဉ်။** (သတင်းစဉ်)

အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းသိန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

Real-time PCR နည်းပညာဖြင့် ဘီပိုး၊ စီပိုးနှင့် HIV ပိုးကောင်ရေ မှန်ကန်၊ မြန်ဆန်၊ သက်သာစွာ စစ်ဆေးနိုင်

ရန်ကုန် ဧပြီ ၂

ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ IHBC **စင်တာရှိ** Myanmar Molecular and Diagnostic Centre (MMDC) **ဖွင့်ပွဲနှင့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ဆေးပညာဟောပြောပွဲကို မတ် ၃၀ ရက် နံနက်ပိုင်းတွင်** IHBC **အဆောက်အအုံ၌ ကျင်းပသည်။**

အခမ်းအနားတွင် MMDC မှ ဒေါက်တာထင်လင်းက ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားပြီး အမျိုးသား ကျန်းမာရေးဓာတ်ခွဲဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းသိန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စင်ကာပူနိုင်ငံ Research Biolabs မှ အထွေထွေမန်နေဂျာ Ms. Sue Yap က Advances in Molecular Technology: Singapore Perspective ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စင်ကာပူနိုင်ငံ Institute of Molecular and Cell Biology မှ Principal Investigator, Mr. Masafumi Inoue က Accurate Diagnosis of Flu A/B Viral Respiratory Infection with H_5N_1 Confirmation Using X-Map Beads Hybridization ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေး ဟောပြောကြသည်။

အဆိုပါ Myanmar Molecular and Diagnostic Centre ၌ Real-time PCR နည်းပညာဖြင့် ဘီပိုး၊ စီပိုးနှင့် HIV ပိုးကောင်ရေ (Viral Load)ကို ခုနစ်ရက်အတွင်း မှန်ကန်၊ မြန်ဆန်၊ သက်သာစွာ စစ်ဆေးပေး နိုင်ပြီး တီဘီ၊ ငှက်ဖျား၊ သွေးလွန် တုပ်ကွေးနှင့် သားအိမ်ခေါင်းကင်ဆာ ရောဂါဖြစ်စေနိုင်သော HPV တို့ကို ပါ မကြာမီ စစ်ဆေးနိုင်တော့မည်ဖြစ် ကြောင်းနှင့် ဆက်သွယ်စုံစမ်းလိုပါက ဖုန်း-၃၇၄၆၇၆ နှင့် ၃၉၂၉၁၉ (လိုင်းခွဲ- ၃၀၁)သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရ သည်။

(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် ဧပြီ ၂

၁။ **မင်္ဂလာဒုံမြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးတွေ့ရှိမှု**

(က) **ကြက်ငှက်တုပ်ကွေးရောဂါ**

(၁) ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြောက်ရပ်ကွက် ကြက်မွေးမြူရေးခြံ တစ်ခြံတွင် ကြက်ကောင်ရေ ၁၅၀၀ မွေးမြူထားရှိသည့်အနက် ၂၀၀၇ ခုနှစ် မတ် ၂၈ ရက်မှ ၃၁ ရက်အတွင်း ကြက်ကောင်ရေ ၉၂၉ ကောင်ခန့် သေဆုံးခဲ့ကြောင်း။

(၂) ရန်ကုန်တိုင်း တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၏ ပဏာမစစ်ဆေးချက်အရ ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 Suspected Caseအဖြစ် သတ်မှတ်ပြီး ရောဂါအန္တရာယ် ထိန်းချုပ်ကာကွယ်ရေးအစီအစဉ်အရ လက်ကျန်ကြက်များနှင့် ၎င်းခြံနှင့် တစ်ဝန်းတစ်ဝိုင်းတည်းရှိ ကြက်ခြံသုံးခြံအပါအဝင် စုစုပေါင်း ကြက်ကောင်ရေ ၆၆၆၃ ကောင်အား သုတ်သင်ရှင်းလင်းခဲ့ကြောင်း။

(ခ) **ရောဂါထိန်းချုပ်မှု**

(၁) **ကန့်သတ်ဇုန်။** ရောဂါဖြစ် ကြက်ခြံပတ်ဝန်းကျင် တစ်ကီလိုမီတာအတွင်း သံသယဖြစ်ဖွယ် ကြက်၊ ဘဲ၊ ငုံးခြံများနှင့် ရောဂါကျရောက် ကူးစက်နိုင်သည့် တိုင်းရင်းကြက်၊ ဘဲများ စောင့်ကြပ်ကြည့်ရှု စစ်ဆေး သုတ်သင်ဖျက်ဆီးခြင်း။

(၂) **ထိန်းချုပ်ဇုန်။** ကန့်သတ်ဇုန်၏ ပြင်ပ ၆ ကီလိုမီတာ အဝန်းအဝိုင်းအတွင်း ကြက်၊ ဘဲ၊ ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှု၊ ရောင်းချမှုကို ကန့်သတ်ခြင်း။

၂။ **ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ပျံ့နှံ့မှုအပေါ် ခြုံငုံသုံးသပ်ချက်**

(က) **ရောဂါဖြစ်ပွားမှု။** အောက်ပါအတိုင်း ဖြစ်ပွားခဲ့ကြောင်း-

စဉ်	နေ့စွဲ	မြို့နယ်	မွေးမြူရေးခြံ	အတည်ပြုနေ့စွဲ
၁။	၂၈-၂-၂၀၀၇	မရမ်းကုန်း	ဥစားကြက်၊ဘဲခြံ(၁)ခြံ	H_5N_1 (၉-၃-၂၀၀၇)
၂။	၂-၃-၂၀၀၇	လှိုင်သာယာ	ဥစားကြက်ခြံ(၁)ခြံ	H_5N_1 (၉-၃-၂၀၀၇)
၃။	၁၃-၃-၂၀၀၇	မြောက်ဥက္ကလာပ	ရစ်ခြံ(၁)ခြံ	H_5N_1 (၂၀-၃-၂၀၀၇)
၄။	၁၃-၃-၂၀၀၇	မင်္ဂလာဒုံ	ငုံးခြံ(၁)ခြံ	H_5N_1 (၂၁-၃-၂၀၀၇)
၅။	၁၈-၃-၂၀၀၇	မှော်ဘီ(ညောင်နှစ်ပင်)	ဥစားကြက်ခြံ(၁)ခြံ	H_5N_1 (၂၀-၃-၂၀၀၇)
၆။	၃၁-၃-၂၀၀၇	မင်္ဂလာဒုံ၊ထောက်ကြန့်(မြောက်)	အသားစားကြက်ခြံ(၁)ခြံ	H_5N_1 အတည်ပြုစစ်ဆေးဆဲ

(ခ) **မွေးမြူရေးကြက်၊ ဘဲ၊ ရစ်၊ ငုံးသေဆုံးဖျက်ဆီးမှု**

အကြောင်းအရာ	သေဆုံးကောင်ရေ	ဖျက်ဆီးကောင်ရေ	သေဆုံး/ဖျက်ဆီး စုစုပေါင်း
ရောဂါဖြစ်မွေးမြူရေးခြံ (၆)ခြံ	ကြက် ၂၆၅၆ ရစ် ၆၆ ငုံး ၆၀	ကြက် ၂၂၈၀၈ ရစ် ၅၄ ဘဲ ၄၆၃ ငုံး ၂၂၄၀	ကြက် ၂၅၄၆၄ ရစ် ၁၂၀ ဘဲ ၄၆၃ ငုံး ၂၃၀၀
ပေါင်း	**၂၇၈၂**	**၂၅၅၆၅**	**၂၈၃၄၇**
ရောဂါအန္တရာယ် ကူးစက်ပျံ့နှံ့မှုကာကွယ်ရေး အစီအစဉ်အရမွေးမြူရေးခြံ (၁၆) ခြံ	ကြက် ၅ ဘဲ ၅ ငုံး ၁၀၀၀	ကြက် ၁၉၇၄၆ ဘဲ ၂၉၀၂ ငုံး ၁၃၆၀၇	ကြက် ၁၉၇၅၁ ဘဲ ၂၉၀၇ ငုံး ၁၄၆၀၇
ပေါင်း	**၁၀၁၀**	**၃၆၂၆၅**	**၃၇၂၇၅**

(ဂ) **မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်(မြောက်) ကြက်ခြံရောဂါဖြစ်ပွားမှု။** ရောဂါဖြစ်ပွားသည့် ထောက်ကြန့် ကြက်ခြံသည် ကြက်ငှက်တုပ်ကွေးရောဂါ လက်ရှိဖြစ်ပွားခဲ့သည့် မင်္ဂလာဒုံမြို့နယ်အတွင်း ရန်ကုန်-ပြည် လမ်းမကြီးနှင့် လှော်ကားလမ်းဆုံအနီး ကြက်ငှက်၊ ငုံးများ အသယ်အပို့ အရောင်းအဝယ် အဝင်/အထွက် ကြောင့်လည်းကောင်း၊ ဇီဝလုံခြုံမှု အဆင့်နိမ့်ကျသည့်အတွက်လည်းကောင်း၊ ကြက်ခြံပတ်ဝန်းကျင်တွင် လွတ်ကျောင်းစနစ်ဖြင့် မွေးမြူထားသော တိုင်းရင်းကြက်၊ ဘဲများနှင့် ရောထွေးမှုရှိခြင်းကြောင့်လည်းကောင်း ရောဂါကူးစက်ခဲ့သည်ဟု သုံးသပ်ရရှိကြောင်း။

(ဃ) **ရောဂါပျံ့နှံ့မှုအပေါ်ထိန်းချုပ်မှု**

(၁) **၂၀၀၆ခုနှစ်နှင့် ၂၀၀၇ခုနှစ် ရောဂါဖြစ်ပွားမှုနှိုင်းယှဉ်ချက်**

ဖြစ်ပွားကာလ	ဖြစ်ပွားဒေသ	သေဆုံး/ဖျက်ဆီးခြံ	သေဆုံး/ဖျက်ဆီးကောင်ရေ
၈-၃-၂၀၀၆မှ ၇-၄-၂၀၀၆	စစ်ကိုင်းတိုင်း/ မန္တလေးတိုင်း	ကြက်/ငုံး ၅၄၅ ခြံ	ကြက်/ငုံး ၆ ဒသမ ၅ သိန်း
၂၈-၂-၂၀၀၇မှ ၃၁-၃-၂၀၀၇	ရန်ကုန်တိုင်း	ကြက်၊ဘဲ၊ငုံး၊ရစ် ၂၂ ခြံ	ကြက်၊ ဘဲ၊ ငုံး၊ ရစ် ၀ ဒသမ ၆၅ သိန်း

(၂) ယခင်နှစ် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့်နှိုင်းယှဉ်လျှင် ရန်ကုန်တိုင်း အတွင်းရှိ ခြံများ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကူးစက်ပျံ့နှံ့မှုမှာ အရှိန်အဟုန် နည်းပါးကြောင်း တွေ့ရှိရသည်။ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း ကြက်ငှက်တုပ်ကွေး ရောဂါကျရောက် ပြီးသည့် တစ်နှစ်တာကာလအတွင်း ရောဂါဖြစ်ပွားမှုအပေါ် ဆောလျင်စွာ စစ်ဆေးဖော်ထုတ်ခြင်း (Early detection)၊ ဆောလျင်စွာ အသိပေးခြင်း (Early warning)၊ ဆောလျင်စွာ အရေးယူ ဆောင်ရွက်ခြင်း (Early response) များ စီမံဆောင်ရွက်နိုင်သဖြင့် လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် အခြားအဖွဲ့အစည်းများဖြစ်သော ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် OIE, FAO, WHO, JICA, UNICEF, AUS, AD, USAID, CARE Myanmar နှင့် ဂျပန်၊ ဩစတြေးလျ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့၏ ပံ့ပိုးကူညီမှု၊ နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးမှု၊ ပညာပေးအစီအစဉ်များအရလည်းကောင်း၊ ရောဂါ ပျံ့နှံ့မှုနှင့် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြင့် ထိန်းချုပ်နိုင်ခဲ့ကြောင်း။

၃။ **တိရစ္ဆာန်ကျန်းမာရေးသတိရှိရေး**

(က) ရန်ကုန်တိုင်းအတွင်း ရောဂါထပ်မံမပြန့်ပွားစေရေးနှင့် ရောဂါအမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် မွေးမြူရေး ကြက်၊ ဘဲ၊ ငုံးများ ပုံမှန်မဟုတ်သည့်နည်းဖြင့် သေဆုံးမှုများတွေ့ရှိရပါက အနီးဆုံး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနသို့ သတင်းပို့ရန်နှင့် ကျန်ရှိနေသော ကြက်များအား ရောဂါပျံ့နှံ့မှုမရှိစေရေးအတွက် ရောင်းချခြင်း မပြုရန်။

(ခ) မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးအား တိုးမြှင့်သည့်အနေဖြင့် လူ၊ ယာဉ်၊ တိရစ္ဆာန် အဝင်/အထွက်များ ထိန်းချုပ်ရန်။

(ဂ) ယခုကာလအတွင်း မွေးမြူရေးခြံများအနေဖြင့် ပိုးသတ်ဆေးကို နှစ်ရက်ခြားတစ်ကြိမ် ခြံနှင့်ခြံပတ်ဝန်းကျင်တွင် ပက်ဖျန်းရန်။

(ဃ) မြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးကော်မတီဝင် အဖွဲ့အစည်းများဖြစ်သည့် မွေးမြူရေးနှင့်ကုသ ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အာဏာပိုင်အဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ရန်။ **မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေ သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းများ သတ်မှတ်ချိန်အမီဆောင်ရွက်

နေပြည်တော် ဧပြီ ၂

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မတ် ၃၀ရက် နံနက်ပိုင်းတွင် နိုင်ငံတော်က နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ ထို့ကော်ကိုးဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ထို့ကော်ကိုး အခြေခံပညာမူလတန်းလွန် ကျောင်း အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဓနုတ်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေတက်ရောက်၍ အလှူငွေများလက်ခံ

ရန်ကုန် ဧပြီ ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဓမ္မရက္ခိတကုန်းမြေရှိ မဟာဝိဇယစေတီတော်ရင်ပြင် ဓမ္မရက္ခိတဓမ္မာရုံ၌ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဆံတော်ရှင် ဓနုတ်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အလှူငွေများကို လက်ခံသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုး၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတီတော် ဘက်စုံ မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် ဆံတော်ရှင်ဓနုတ်စေတီတော် ဘက်စုံမွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ကိုယ်စား စေတီတော်ဘက်စုံ မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းက ကော်မတီ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆံတော်ရှင် ဓနုတ်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် အလှူရှင်များဖြစ်ကြသောကွယ်လွန်သူများအားရည်စူး၍ ဒေါက်တာတင့်လွင်ဦး- ဒေါ်ခင်သန္တာအေး မိသားစု ၂၅ လမ်း ပန်းဘဲတန်းက ငွေကျပ် ၁၇၅သိန်း၊ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❍

လေပြင်းတိုက်ခတ်မည့် သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဧပြီ ၂

ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလခန့် အထိ မြန်မာနိုင်ငံ အရပ်ရပ်တို့တွင် နေ့အပူချိန်များ သိသိသာသာ တိုးလာမည်ဖြစ်ရာ ဧပြီလလယ်မှ မေလ လယ်အတွင်း မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင် များဖြစ်ပေါ်လာရာမှ လေပြင်းများ ခေတ္တမျှတိုက်ခတ် နိုင်ပါသည်။ လေပြင်းများတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ မိုင်၅၀ခန့်အထိတိုက်ခတ်နိုင်ပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြိုးခြင်းနှင့် မိုးသီး ကြွေခြင်းများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတိပေးချက်ထုတ်ပြန်သည်။

အ င် တ ါ န က် သ တ င် း

တရုတ်နိုင်ငံ နင်ကျားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် သုတေသနစီမံကိန်း အဖြစ် တည်ဆောက်လျက်ရှိသည့် ကျောက်မီးသွေးအရည် ထုတ်လုပ်ရေးစက်ရုံကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်။*

ကျောက်မီးသွေးအရည် ထုတ်လုပ်မည့်စက်ရုံ တရုတ်နိုင်ငံတွင် တည်ဆောက်လျက်ရှိ

ရှီအန် ဧပြီ ၂

တရုတ်နိုင်ငံ၏ ပထမဆုံးသော ကျောက်မီးသွေးကို အရည်ပြုလုပ်မည့်စက်ရုံကို တည်ဆောက်လျက်ရှိရာ ထိုစက်ရုံသည် ၂၀၀၈ခုနှစ်တွင် စတင်လည်ပတ်နိုင်မည် ဖြစ်သည်။

ယင်းစက်ရုံသည် တစ်နှစ်လျှင် ရေနံစိမ်းစည် တန်တစ်သန်းနှင့်ညီမျှသော ကျောက်မီးသွေးအရည်များကို ထုတ်လုပ်ပေးမည်ဖြစ်၍ နိုင်ငံအနေဖြင့် ပြည်ပရေနံများအပေါ် မှီခိုနေရမှုကို သိသိသာသာလျှော့ချသွားနိုင်မည်ဟု ဆိုသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✧